မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ ၂၀၀၈ ခုနှစ်၊ မတ် ၁၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ်(၁၆၅)

ကတညုတာ တေမင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၇ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်မောင်နှင့် ဦးစိုင်းစံတင်၊ မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ တက်ရောက်ကြသည်။ **(အောက်ပုံ)** *စာမျက်နှာ ၉ ကော်လံ ၁*

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ညီလာခံမှာ အကောင်းဆုံးအခြေခံဥပဒေကြီးဖြစ်အောင် ညီလာခံ ကိုယ်စားလှယ်အားလုံး ဆွေးနွေးညှိနှိုင်းကြ၊ တစ်ခါတစ်ရံ အချေအတင် ငြင်းခုံဆွေးနွေးကြပြီးမှ ညှိယူ မူချခဲ့ကြတာ ကျွန်တော်တို့ ကိုယ်တွေ့ ဖြစ်ပါတယ်။

ကျွန်တော်တို့ နောက်မဆုတ်နိုင်ပါဘူး။ ပြန်ပြင်စရာလည်း တစ်ခုမှ မမြင်ပါဘူး။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အတူ ကိုယ့်နိုင်ငံ ထာဝရတည်တံ့နေစေချင်တယ်၊ လွတ်လပ်တဲ့ နိုင်ငံအဖြစ် အစဉ်ရှိနေစေချင်တယ်၊ ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာနဲ့ နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံသားတွေရဲ့ လူနေမှုအဆင့်အတန်း မြင့်တက်လာစေချင်တယ်။ ဒါကို မျိုးချစ်စိတ်လို့ ခေါ်ရပါမယ်။

တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး (စာ-၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၁၃ ရက်)

ဖွံ့ဖြိုးစည်ပင်တိုးတက်မှုအခြေခံကောင်းများ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသအားလုံး လွှမ်းခြုံဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်ပေးခဲ့ရာ လမ်းပန်းဆက်သွယ်ရေးသာမက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး ယခုအခါ နယ်စပ်ဒေသမြို့ရွာများ ခေတ်မီမြို့ပြအသွင် စည်ပင်ထွန်းကားနေပြီ ဖြစ်သည်။

နယ်စပ်ဒေသများရှိ လူငယ်လူရွယ်များ အဆင့်မြင့်ပညာအခွင့်အလမ်းများ အပြည့်အဝသင်ယူနိုင်ရေးအတွက် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၀ရက်နေ့မှ စတင်ကာ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခုတွင် ကောလိပ်များကို တက္ကသိုလ်များအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက် ကျန်းမာရေးဌာနနှင့် ဌာနခွဲများတည်ဆောက်ပေးထားသည့်အပြင် ဖွံ့ဖြိုးရေးအထူးဒေသတိုင်း၌ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံတစ်ဝန်း၌ လမ်းမိုင်ပေါင်း ခြောက်သောင်းကျော်နှင့် ပေ ၁၈၀အထက် တံတားကြီးအစင်း ၂၃၀ကျော်တို့ကို ဖောက်လုပ်တည်ဆောက်ပေးထားရာ တိုင်းရင်းသားပြည်သူများ ကူးသန်းဆက်သွယ် သွားလာမှု ပိုမိုမြန်ဆန်ချောမွေ့လာခဲ့ပြီ ဖြစ်သည်။

အလားတူ နိုင်ငံတော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူထုဆက်သွယ်ရေးလုပ်ငန်းများကိုလည်း အားပေးကူညီဖြည့်ဆည်းခဲ့ရာ ဒေသခံတိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းခြင်းနှင့်အတူ နယ်မြေဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ပိုမိုဖြစ်ထွန်းလာလျက်ရှိရာ အဆိုပါဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ မပျက်ယွင်းစေရေးအတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဆိပ်ကမ်းသာမြို့နယ် မော်တင်ရပ်ကွက် ရေကြောင်းပြ ရိပ်သာ အမှတ်(၂)နေ မောင်ပြည့်စုံမြင့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက ဓမ္မနာဒကျောင်းတိုက် ရေ၊ ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ=နိ(ရန်ကုန်ဌာန) တွဲဖက်ဘဏ္ဍာတော်ထိန်း ဦးမောင်မောင်ကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ဓာတ်အားကွပ်ကဲရေးဌာန ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ်ရက်က ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားကွပ်ကဲရေးဌာနသို့ ရောက်ရှိပြီး ရှင်းလင်းခန်းမ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးတင်မောင်ထွန်း၊ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးတို့က ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် လုပ်ငန်းများတိုးတက်ကောင်းမွန်စေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ ဝန်ကြီးဒေါက်တာချမ်းငြိမ်း စစ်ဆေး

ရန်ကုန် မတ် ၁၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမြင့်နှင့် အမှတ် (၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူတို့ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း ကမာရွတ် မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ကြည့်မြင်တိုင် မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများရှိ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများသို့ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်၁၅၃ အခန်း(၈)ကမာကြည်လမ်း သုဝဏ္ဏမြို့နေ ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်အုန်း၊ ဒေါ်ခင်ဆင့်ဆင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးတင်လှ လက်ခံယူစဉ်။ (က-ပ)

စာကြည့်တိုက်အတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် မတ် ၁၂

ရွှေပြည်သာမြို့ အမှတ်(၂၀) သံဒင်းရပ်ကွက် မကွေးလမ်းရှိ ရွှေရတနာ ပရဟိတ သီလရှင်စာသင်တိုက်တွင် ဓမ္မရောင်ခြည် တရားအလှူနှင့် ဗုဒ္ဓဓမ္မစာကြည့်တိုက်ကို စတင်ဆောက်လုပ်နေပြီဖြစ်၍ ဘာသာရေးဆိုင်ရာတရားတော်များ၊စာကြည့်တိုက်ဆိုင်ရာပရိဘောဂအသစ်အဟောင်းများ၊ စာကြည့်တိုက် အမြန်ပြီးမြောက်ရေးအတွက် အလှူငွေများလှူဒါန်းလိုပါက ကျောင်းတိုက်သို့ ကိုယ်တိုင်လာရောက်၍လည်းကောင်း၊ဖုန်း-၀၉-၅၀၁၆၇၇၆၊ ၀၉-၅၁၃၀၈၁၈၊ ၆၁၁၄၃၇နှင့်၆၁၁၄၉၇တို့သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၃-၃-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ် ချိုနားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	ကာတွန်းအစီအစဉ် ငါးကလေးရဲ့ စွန့်စားခန်း (အပိုင်း-၃၀)
၆း၃၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၄၆)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသ သတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားတဲ့အချစ်** (အပိုင်း-၁၄)

ဂုံညှင်းတန်းကျေးရွာသိက္ခာထပ်နှင့်ဓမ္မသဘင်

ရန်ကုန် မတ် ၁၂

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် ဝဲကြီးအုပ်စု ဂုံညှင်းတန်းကျေးရွာနေ ဦးတင်အေး-ဒေါ်အေးတင့် မိသားစုက ဓမ္မဝေပုလ္လဆရာတော် အရှင်ဥတ္တမ၊ အရှင်သုမန၊ အရှင်သဒ္ဓမ၊ အရှင်ကစ္စာယန(သံဃတက္ကသိုလ်) အရှင်သူမြတ်တို့အား သိက္ခာထပ်မင်္ဂလာနှင့် ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပရာတွင် အရှင်သုမန(ဝိနယဓရ) ပိဋကတစ်ပုံဆောင်က မတ် ၂၅ရက်ည အကြိုတရားဟောကြားပြီး ၂၆ ရက်နှင့် ၂၇ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်တောင်ဥက္ကလာပ အောင်သိဒ္ဓိဆရာတော် အရှင်သဒ္ဓမ္မ မိုးကုတ်ကမ္မဋ္ဌာနာစရိယတို့က တရားများ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဦးဇော်ဦး ဦးဆောင်သော သာပေါင်းမြို့ ဓမ္မစေတီဖောင်ဒေးရှင်းအဖွဲ့မှ ဓမ္မစေတီ ရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေကျပ် ခုနစ်သိန်း ပေးအပ်လှူဒါန်းရာ ဓမ္မစေတီ ဖောင်ဒေးရှင်း ဦးဆောင်ဆရာတော် မင်းကွန်း ဓမ္မစေတီ ဘဒ္ဒန္တ နာဂိန္ဒာလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည် ချီးမြှင့်စဉ်။ (ရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းလိုသူများသည် ဓမ္မစေတီဖောင်ဒေးရှင်း ဖုန်း-၀၂-၆၅၃၇၆၊၀၉-၂၀၂၄၅၄၀နှင့် ၀၁-၂၄၇၇၃၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။) (က-ပ)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

နွေစပါးစိုက်ပျိုးပြီးစီးခြင်း ဂုဏ်ပြုပွဲကျင်းပ

ဖန်းမော်အကျဉ်းထောင်၏ နွေစပါး ဧက၁၀၀စိုက်ပျိုးပြီးစီးခြင်းအကြို ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၉ နာရီက မန်ပုံကျေးရွာစပါး စိုက်ခင်း ရှင်းလင်းဆောင်၌ကျင်းပရာ ဖန်းမော်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းထွန်းက အဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် ဖန်းမော်အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အုန်းက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍ တာဝန်ခံ ဦးဇော် အောင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၃ ရက်က သာဝတ္ထိ၊ အင်းသာမူလွန်ကျောင်း၊ ပေါင်းလောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၄ ရက်က နန္ဒင်းအိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ အောင်ကလိန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင်လည်းကောင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။ (၀၈၃)

စဉ်ဆက်မပြတ် ရေပေးဝေနိုင်ရေး ဆောင်ရွက်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးကောင်းမြို့ပေါ်တွင် စဉ်ဆက်မပြတ် ရေပေးဝေနိုင်ရေးအတွက် ဆောင်ရွက် လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးယဉ်မင်းကျော်နှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ၂၄ ရက်က မြို့ဦးရပ်ကွက် ရေစက်ရုံအတွင်း အင်ဂျင်နှင့်လေမှုတ် စက်များ ကောင်းမွန်ကြံ့ခိုင်ရေး စစ်ဆေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် အနီးကပ်ကြီးကြပ်ခဲ့ကြောင်း သိရ သည်။ **(၀၀၁)**

နောင်ချိုဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ဦးကျော်မြင့် (မြို့မစားသောက်ဆိုင်)သည် ကစားဖော်များဖြစ်ကြသော ဦးလှဟန် (ကုန်သည်)၊ ဦးကိုလေး(ပြန်/ဆက်)၊ ဒေါ်အေးအေးသိန်း (အောင် တံခွန်ပုံနှိပ်လုပ်ငန်း)တို့နှင့်အတူ ဖေဖော်ဝါရီ၂၄ ရက်က နောင်ချိုမြို့ ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားနေစဉ် Pro V1 No(4) ဘောလုံးကို Mizuno Iron(5)သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၈ကိုက်အကွာအဝေးရှိ ကျင်းအမှတ် (၈)သို့ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ (၀၂၅)

အခြေခံမီးသတ်သင်တန်း ကောလင်း၌ဖွင့်

ကောလင်းမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသ မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် အခြေခံ မီးသတ်သင်တန်း အမှတ် စဉ် (၂/၂၀၀၈)ကို ကောလင်းမြို့နယ် ကြာအင်းအုပ်စု ကြာအင်းကျေးရွာတွင် မတ် ၃ ရက်မှ မတ် ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့သည်။ **(၀၃၂)**

စာကြည့်တိုက် အဆောက်အအုံဖွင့်လှစ်

မုံရွာခရိုင် အရာတော်မြို့နယ် မကြီးဇောက်ကျေးရွာအုပ်စု ငရဟိုးကျေးရွာ တွင် အလင်းစေတမန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်မျိုးစုံ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၄ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဝေ၊ မြို့နယ်ကုန်သွယ်လယ်ယာတာဝန်ခံ ဦးလှချို၊ ကျေးရွာမှ ပြည်သူများ လှူဒါန်းသော စာအုပ်မျိုးစုံကို အလှူရှင်များကိုယ်စား အလှူရှင် ဦးတင်ညွှန့်က ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဦးတင်သောင်းက လက်ခံယူခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ကြီးမြို့ သာယာလှပရေး ဆောင်ရွက်

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာ လှပရေးနှင့် မီးဘေးလုံခြုံရေးစီမံချက်အရ မြို့အဝင် အနော်ရထာလမ်းမကြီး တစ်လျှောက် အရိပ်ရပင်နှင့်ပန်းအလှပင်များအား ပြုပြင်ခြင်း၊ အစားထိုးစိုက် ပျိုးခြင်း၊ လမ်းဘေးဝဲယာ အမှိုက်နှင့်မြက်များအား ရှင်းလင်းခြင်း၊ လမ်းညွှန် ဆိုင်းဘုတ်များအား စစ်ဆေးပြုပြင်ခြင်းနှင့် အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများအား မော်တော်ယာဉ်ဖြင့် သိမ်းဆည်းခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၇ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် အငယ်တန်းအင်ဂျင်နီယာ မြို့ပြ– ၃ ဦးသိန်းဇော်ဦးတို့ ကြီးကြပ်ပြီး မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည်။ **(၀၄၅)**

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ တို့ ပူးပေါင်း၍ မြို့မဈေးကြီးတွင် ဖေဖော်ဝါရီ ၂၂ရက်က မီးဘေးကြိုတင် ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြခြင်းကို ဆောင်ရွက်ရာ အဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကို နှင့်အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး မြတ်သူဆွေနှင့် တပ်ဖွဲ့ဝင်များ၊ မြို့မဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဈေးအကျိုးတော်ဆောင် အဖွဲ့များနှင့် ဈေးသူဈေးသားများ ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။ (၁၆၉)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၅)၊ အမှတ်(၇)ထွက်ပြီ

ရန်ကုန် မတ် ၁၂

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၅) အမှတ်(၇)ကို ယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယခုတစ်ပတ်ဂျာနယ်တွင် မြန်မာ့ ပဲမျိုးစုံ တင်ပို့ထုတ်လုပ်သူများ တန်ဖိုးမြှင့်ပဲ တိုးတက်ရေး ပဲခွဲစက်ရင်းနှီးငွေ ချေးပေးမည်။ စည်ပင်သာယာနယ်နိမိတ် အတွင်းရှိ ဈေးများကို အဆင့်မြှင့် တည်ဆောက်လုပ်မည်၊ GDPတွင် သားငါးကဏ္ဍမှာ (၁၂)ရာခိုင်နှုန်းခန့်ပါဝင်၊ ဖေဖော်ဝါရီ ၂၉ ရက် နောက်ဆုံးထား၍ Taxi ယာဉ် ၂၅၀၀ ကျော်ကို မီတာတပ်ဆင်ရန် ညွှန်ကြား၊ ဥစားကြက် ဈေးကွက် မတည်ငြိမ်ခြင်းကြောင့် လေးလကြို၍ စရန်ပေးမှ ကြက်ပေါက်ရနိုင်စသည့် မျက်နှာဖုံးသတင်းများ၊ နိုင်ငံတကာစီးပွားရေး သတင်းများ၊ ပြည်တွင်းစီးပွားရေးသတင်းများ၊ ချမ်းမြေ့(မြန်မာစာ)၏ အားနာခြင်းသည် မြန်မာ့ယဉ်ကျေးမှုလော ဆောင်းပါး၊ စိုးဝင်း(ချောက်)၏ လူအိုလား လူကြီးလား ဆောင်းပါး၊ ကိုကို(ကျိုက်ဝိုင်းသား)၏ ပြသိုမိုးရိပ်ဆောင်းပါး၊ ကျေးလက်နေပြည်သူများအတွက် ဘူးစိုက်ပျိုးနည်း၊ မောင်မြား၏ သဘောတွေ့မယ့် အသောအထေ့ ဟာသများ၊ တာမွေ မြို့နယ်တွင် အချိုရည်ဘူးအတု ၈၀၀ ကျော်နှင့် တံဆိပ်တုများ ဖမ်းဆီးရမိ စသည့်မှုခင်းသတင်းများ အပါအဝင် ကဏ္ဍစုံစုံလင်လင်ပါဝင်သည်။ **(အပေါ်ပုံ)**

ဝယ်ယူနိုင်

စိမ်းလဲ့ရွှေပြည်ဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း စာအုပ်ဆိုင်၊ ပန်းရွှေပြည် စာအုပ်ဆိုင်တို့ဖြစ်ကြပြီး အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ စိမ်းလဲ့ရွှေပြည်ဂျာနယ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန် မြို့ ဖုန်း–၀၁–၃၈၂၀၇၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၂၀)ထွက်ပြီ

ရန်ကုန် မတ် ၁၂

ရွှေနိုင်ငံ သတင်းဂျာနယ် အတွဲ(၆)၊အမှတ်(၂၀)ကို ယနေ့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ အဆိုပါဂျာနယ်တွင် ရေတံခွန်အလှနှင့် ရေအားလျှပ်စစ်၊ ကလေးနှင့်တမူး ရွှေရောင်အိပ်မက်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဝမ်းတာခက် တံတားသို့ လေ့လာရေးခရီးနှင့်အတွေး၊ မျိုးပြုန်းတော့မည့် အန္တရာယ်ရင်ဆိုင်နေရသော သတ္တဝါများ၊ အရေးပါဆဲ မြန်မာ့ပန်းပဲစသည့် သတင်းဆောင်းပါးများအပြင် ပြည်တွင်းပြည်ပ သတင်းများ စုံစုံလင်လင်၊ သတင်းဓာတ်ပုံ များ ဝေဝေဆာဆာ ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

ထုတ်ဝေ

ရွှေနိုင်ငံဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊သိမ်ဖြူ လမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာအုပ်ဆိုင်၊ ပန်းရွှေပြည် စာအုပ်ဆိုင်တို့ ဖြစ်ကြပြီး အနယ်နယ် အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန်လိပ်စာမှာ ရွှေနိုင်ငံဂျာနယ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁–၃၈၂၀၇၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ပင်လယ်ပြင်အတွင်း လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရေးစခန်းကြည့်ရှု

ရန်ကုန် မတ် ၁၂

တနင်္သာရီတိုင်း၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်းတာဝန်ခံ မွေးမြူ ရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် မတ် ၉ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း မြိတ်ခရိုင် ကျွန်းစုမြို့ရှိ ကျွန်းရတနာ ခန်းမဆောင်၌ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ များမှ အသင်းဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကျွန်းစုမြို့နယ် သန္တာကျွန်း အရှေ့ဘက်တွင် ဆောင်ရွက်လျက်ရှိသော ယူနိုက်တက်ကေအမ်ကေ (မြိတ်)ကုမ္ပဏီ၏ ပင်လယ်ပြင်အတွင်း လှောင်အိမ်စနစ်ဖြင့် မွေးမြူ ထားရှိသော ကျောက်ငါး၊ ကကတစ်၊ ကပေါင်းနှင့် ငါးပါးနီ မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အမှာစကားပြောကြား

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မတ် ၁၀ ရက်က ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ရန်ကုန် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန အရာထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ သန္တာကျွန်း အရှေ့ဘက်ရှိ ယူနိုက်တက်ကေအမ်ကေ (မြိတ်)ကုမ္ပဏီ၏ ပင်လယ်ပြင် လှောင် အိမ်စနစ်ဖြင့် ကျောက်ငါး၊ ကကတစ်၊ ကပေါင်းနှင့်ငါးပါးနီ မွေးမြူရေးစခန်း ကို ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

ပူပြင်းရာသီတွင် ဓာတ်ဆီဖြည့်မှု သတိပြု

ရန်ကုန် မတ် ၁၂

ပူပြင်းသောရာသီကာလ မွန်းလွဲချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်း များပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါ သဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ပြီး စက်သုံးဆီထုတ်ယူခြင်းအား နေ့စဉ် နံနက် ၇နာရီမှ မွန်းလွဲ ၁၂နာရီခွဲအတွင်းသာ ဆောင်ရွက်သင့်ကြောင်း မီးသတ်ဦးစီးဌာနက အကြံပြုထားသည်။ (သတင်းစဉ်)

ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့ တောင်ပိုင်းစက်မှုဇုန်တွင် မတ်၁၀ရက်က မီးလောင်မှုဖြစ်ပွားရာ မီးသတ်သမားများမီးငြိမ်းသတ်နေသည့် မြင်ကွင်းကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အစည်းအဝေးများ မတ် ၁၇ရက် ကျင်းပရန် သမ္မတ မူရှာရက်ဖ်ဆင့်ခေါ်

အစ္စလမ္မာဘတ် မတ် ၁၂

ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အစည်းအဝေးများကို မတ်၁၇ရက် ကျင်းပရန် ဆင့်ခေါ်လိုက်ကြောင်း ပါကစ္စတန်ရုပ်မြင်သံကြားက မတ်၁၂ရက်တွင် ကြေညာသည်။

အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် ပထမအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေးနှင့် ပြည်နယ်လွှတ်တော်အစည်းအဝေးများ ကျင်းပရေး အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်က ပေးပို့သည့် အစီအစဉ်ကို သမ္မတ မူရှာရက်ဖ်က လက်မှတ်ထိုးလိုက်ကြောင်း ရုပ်မြင်သံကြားကြေညာချက်၌ ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၏ အဓိကပါတီကြီးနှစ်ရပ် ဖြစ်သော ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ)နှင့် ပါကစ္စတန်မွတ်စလင်အဖွဲ့ချုပ်နဝပ်ရှရစ် (ပီအမ်အယ်လ်-အင်န်)တို့က အစိုးရသစ်ဖွဲ့စည်းသည့်ပူးတွဲကြေညာချက်ကို မတ် ၁၀ရက်က လက်မှတ်ရေးထိုးကြသည်။

ပါတီကြီးနှစ်ရပ်က ဗဟိုအစိုးရနှင့် ပန်ဂျပ်ပြည်နယ်အစိုးရ ဖွဲ့စည်းရန် သဘောတူကြပြီးအမျိုးသားလွှတ်တော် ပထမအကြိမ် အစည်းအဝေးကို အမြန်ဆုံး ခေါ်ယူရန် အာဏာပိုင်များအား တိုက်တွန်းလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နှင့် အာဖဂန်တို့၌ စစ်ရေးဆောင်ရွက်မှု ဗြိတိသျှအစိုးရ စစ်စရိတ်များ ထောင်းနေ

လန်ဒန် မတ် ၁၂

အီရတ်နှင့်အာဖဂန်နစ္စတန် နိုင်ငံတို့၌ ဗြိတိသျှအစိုးရက စစ်ဆင်ရေးဆောင်ရွက်နေမှု ကုန်ကျစရိတ်သည် ယခုနှစ်တွင် ခန့်မှန်းထားသည်ထက် နှစ်ဆနီးပါး တက်လာပြီး ပေါင်ငွေသုံးဘီလီယံကျော်အထိ ရှိလာကြောင်း ပါလီမန်ကော်မတီက မတ် ၁၀ရက်၌ ပြောကြားသည်။

ပြောကြား

ထိုသို့ စစ်စရိတ်များ မျှော်လင့်ထားသည်ထက် မြင့်တက်လာမှုကြောင့် နိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေကို ခြိမ်းခြောက်လာကြောင်း၊ ယင်းနှစ်နိုင်ငံ၌ ဗြိတိသျှ အစိုးရ၏ စစ်အသုံးစရိတ်မှာ ပေါင်ငွေ ၃ ဒသမ ၂၉ ဘီလီယံအထိ ရှိလာကြောင်း၊ ပြီးခဲ့သည့် နှစ်ကထက် စစ်အသုံးစရိတ်မှာ ၉၄ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ထုတ်ပြန်ကြေညာ

အာဖဂန်နစ္စတန်နိုင်ငံ၌ ဗြိတိသျှအစိုးရ၏ စစ်အသုံးစရိတ် ကုန်ကျမှုမှာ ခန့်မှန်းထားသည်ထက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ၄၈ရာခိုင်နှုန်း မြင့်တက်ကာ ပေါင်ငွေ ၁ ဒသမ ၄၂ ဘီလီယံရှိကြောင်း၊ အီရတ်နိုင်ငံ၌ တပ်ဖွဲ့ဝင်ဦးရေ လျှော့ချသော်လည်း ခန့်မှန်းထားသည့် ကုန်ကျစရိတ်ထက် ၅၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အဆိုပါ ပါလီမန်ကော်မတီက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဟောင်ကောင် လက်ဝတ်ရတနာပြပွဲ ဝယ်ယူသူ ၃၁၃၃၃ ဦး လာရောက်ဝယ်ယူခဲ့

ဟောင်ကောင် မတ် ၁၂

ဟောင်ကောင်၌ ကျင်းပသော နိုင်ငံတကာလက်ဝတ်ရတနာပြပွဲသို့ ပါဝင်ပြသူဦးရေ ၂၂၀၆ဦးနှင့် ကမ္ဘာတစ်ဝန်းမှ လက်ဝတ်ရတနာပစ္စည်း ဝယ်ယူသူဦးရေ ၃၁၃၃၃ဦးရှိကြောင်း ဟောင်ကောင်ကုန်သွယ်ရေး ဖွံ့ဖြိုးမှုကောင်စီက မတ် ၉ရက်တွင် ပြောကြားသည်။

(၂၅)ကြိမ်မြောက် ဟောင်ကောင် နိုင်ငံတကာ လက်ဝတ်ရတနာပြပွဲသည် ကမ္ဘာတွင် တတိယအကြီးဆုံး လက်ဝတ်ရတနာ ပြပွဲကြီးဖြစ်ကြောင်း၊ ယင်းပြပွဲကို မတ်၄ရက်မှ ၈ရက်အထိ ကျင်းပခဲ့ကြောင်း ကုန်သွယ်ရေးဖွံ့ဖြိုးမှုကောင်စီက ပြောကြားသည်။

မြင့်တက်လာ

ဟောင်ကောင်သည် တရုတ်နိုင်ငံတောင်ပိုင်း၌ရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖြစ်သည်။ ကမ္ဘာပေါ်တွင် လက်ဝတ်ရတနာ အရောင်းအဝယ်ပစ္စည်း စတုတ္ထအများဆုံး တင်ပို့ရောင်းချသည့် ဒေသဖြစ်သည်။ ၂၀၀၇ခုနှစ်တွင် လက်ဝတ်ရတနာပစ္စည်း တင်ပို့ရောင်းချမှုမှာ ၁၇ရာခိုင်နှုန်း မြင့်တက်လာခဲ့ကာ ဟောင်ကောင်ဒေါ်လာ ၃၃ဒသမ၈ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ဘီလီယံ)ရရှိခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီးစ်မြို့ တောင်ဘက် ၁၂၅မိုင်အကွာ ဒိုလိုရက်စ်ဒေသတွင် ဘတ်စ်ကားနှင့် ရထားတိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်အရှေ့ပိုင်း လာဟိုးမြို့၌ ဗုံးဖောက်ခွဲတိုက်ခိုက် ၂၂ဦးသေဆုံးပြီး အဆောက်အအုံများပျက်စီး

လာဟိုး မတ် ၁၂

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း လာဟိုးမြို့တွင် ဗုံးပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားပြီးနောက် **(အောက်ပုံ)** အနည်းဆုံး ၂၂ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

သေဆုံး

ပြည်ထောင်စု ရဲတပ်ဖွဲ့ရုံး ဗုံးဖောက်ခွဲမှုတွင် ထိမှန်သူ အများစုမှာ သေဆုံးကြရကြောင်း သိရသည်။ ဒုတိယဗုံးမှာ လူနေရပ်ကွက်အတွင်း ပေါက်ကွဲခြင်းဖြစ်ပြီး ကလေးနှစ်ဦး သေဆုံးသွားသည်။

ဖျက်သိမ်း

ယင်းသို့ဗုံးပေါက်ကွဲမှုများဖြစ်ပွားပြီး မကြာမီပင် ပါကစ္စတန်နိုင်ငံ၌ လုံခြုံမှုစိုးရိမ်ရသည့်အတွက် လာရောက်ကစားမည့် သြစတြေးလျ ခရစ်ကက်အားကစားအဖွဲ့က အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း ကြေညာသည့် လာဟိုးမြို့ ပြည်ထောင်စု ရဲတပ်ဖွဲ့ရုံးအနီး ဗုံးဖောက်ခွဲမှုကြောင့် မိုးမျှော်အဆောက်အအုံတစ်ခု ပျက်စီးပြီး မီးလောင်ထားသော မော်တော်ယာဉ်များနှင့်အမြစ်ကျွတ်ကာလဲကျနေသော သစ်ပင်များကိုအစိုးရရုပ်မြင်သံကြားက ရိုက်ပြသည်။ **(အင်တာနက်)**

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ နေတိုးတပ်ဖွဲ့ဝင် သေဆုံး

ကဘူးလ် မတ် ၁၂

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပက်တီယာပြည်နယ်၌ မတ် ၉ရက်က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် နေတိုးဦးဆောင်သည့် နိုင်ငံစုံလုံခြုံရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိကြောင်း (အိုင်အက်စ်အေအက်ဖ်) ကြေညာချက်၌ ဖော်ပြသည်။

စနစ်တကျစီမံပြုလုပ်

ယင်းဖြစ်ပွားမှုသည် ပက်တီယာပြည်နယ် ဝါဇာကာဝါဒေသ၌ဖောက်ခွဲရေးပစ္စည်းများကိုစနစ်တကျ စီမံပြုလုပ်ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်၌ ပါရှိသည်။

ထပ်လောင်းပြောကြား

ယင်းနေ့၌ ပေါက်ကွဲမှုများထပ်မံဖြစ်ပွားလျက်ရှိရာ နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး အာဖဂန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိကြောင်း ကြေညာချက်၌ ထပ်လောင်းပြောကြားသည်။

အာဖဂန်နစ္စတန်၌ ၂၀၀၇ ခုနှစ်အတွင်း စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ပြည်သူ ၆၀၀၀ကျော် သေဆုံးခဲ့ရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဝအမောပြေ

အလုပ်အတွေ့အကြုံ ....

မော်တော်ယာဉ် အစိတ်အပိုင်းများ ထုတ်လုပ်ရောင်းချသော ကုမ္ပဏီတစ်ခုသို့ အလုပ်လာလျှောက်သည့် လူငယ်တစ်ဦးအား လူတွေ့စစ်ဆေးသည့် အရာရှိက မေးမြန်းလေသည်။

အရာရှိ ။ ။ဒီကုမ္ပဏီအလုပ်က ပင်ပန်းတာ သိပါသလား။
အလုပ်လျှောက်သူ ။ ။သိပါတယ်။
အရာရှိ ။ ။စည်းကမ်းကြီးတာရော သိရဲ့လား။
အလုပ်လျှောက်သူ ။ ။သိပါတယ်။
အရာရှိ ။ ။လစာနည်းတာရော သိလား။
အလုပ်လျှောက်သူ ။ ။သိပါတယ်။
အရာရှိ ။ ။အရင်က ဘာအလုပ် လုပ်ခဲ့ဖူးလဲ။
အလုပ်လျှောက်သူ ။ ။ဒီလိုကုမ္ပဏီမျိုး ၁၀ ခုလောက် ပြောင်းခဲ့ပြီးပါပြီ။
အရာရှိ ။ ။"ဟေ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ကွန်ဂိုနိုင်ငံအကြောင်း သိကောင်းစရာ

သတင်းအက်ဆေး

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံသည် အာဖရိကအလယ်ပိုင်းဒေသတွင် တည်ရှိသည်။စီးပွားရေးအရင်းအမြစ် ပေါကြွယ်သည့် နိုင်ငံကြီးတစ်နိုင်ငံလည်း ဖြစ်ပါ၏။ ဤနိုင်ငံသည် အာဖရိကတိုက်၏ ကမ္ဘာစစ်တွင် ဗဟိုချက်မအဖြစ် ပါဝင်ပတ်သက်သည်ဟုလည်း ဆိုနိုင်သည်။ ဤဖြစ်စဉ်ကြောင့်ပင် နောက်ဆက်တွဲဆိုးကျိုးကို ခံစားနေရခြင်းပင်ဖြစ်သည်။

ခြိမ်းခြောက်

ငါးနှစ်ကြာစစ်ပွဲမှာ အင်ဂိုလာ၊ နမီးဘီးယားနှင့် ဇင်ဘာဘွေနိုင်ငံတို့က ထောက်ခံသည့် အစိုးရတပ်ဖွဲ့ကို ယူဂန္ဒာနှင့် ရဝမ်ဒါနိုင်ငံတို့က အားပေးသည့် သူပုန်တို့၏ ဖက်ပြိုင်အန်တုခြင်းပင်ဖြစ်သည်။ ငြိမ်းချမ်းရေးသဘောတူညီမှု ရပြီး ၂၀၀၃ခုနှစ်တွင် ယာယီအစိုးရ ဖွဲ့စည်းနိုင်သည့်ကြားမှပင် ပြည်တွင်းစစ် အန္တရာယ်က ခြိမ်းခြောက်လျက်ပင် ရှိနေသေးသည်။

၁၆ရာစု၊၁၇ရာစုတွင် ကွန်ဂိုပွဲစားများမှတစ်ဆင့် ဗြိတိန်၊ဒတ်ချ်၊ပေါ်တူဂီ၊ ပြင်သစ်ကုန်သည်များက ကျွန်ကုန်ကူးသည်။ ၁၈၇၀ ပြည့်လွန်နှစ်များတွင် ဘယ်လ်ဂျီယံဘုရင် လီယိုပိုက ကွန်ဂိုတွင် စီးပွားရေးလုပ်ငန်းထူထောင်သည်။ ၁၈၈၄-၈၅ခုနှစ်တွင် ဥရောပအင်အားကြီးနိုင်ငံများက ဘာလင်ညီလာခံ၌ ဘယ်လ်ဂျီယံဘုရင်လီယိုပို၏ ကွန်ဂိုမြစ်ဝှမ်းပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုသည်။ ၁၈၈၅ ခုနှစ်တွင် လီယိုပိုက လွတ်လပ်သော ကွန်ဂိုနိုင်ငံကို ထူထောင်ကြောင်း ကြေညာလိုက်သည်။ ၁၈၉၁-၉၂ခုနှစ်တွင် ဘယ်လ်ဂျီယံက ကတန်ဂါကိုသိမ်းသည်။၁၉၀၈ခုနှစ်တွင် ဘယ်လ်ဂျီယံက ကွန်ဂိုကိုတိုက်ရိုက်သိမ်းယူသည်။လီယိုပို အုပ်ချုပ်စဉ်က သန်းပေါင်းများစွာသော ကွန်ဂိုပြည်သူများမှာ အသတ်ခံရမှု၊ သေအောင်အနိုင်းခံရမှုတို့ကြောင့် သေဆုံးခဲ့ကြရသည်။ ၁၉၅၉ခုနှစ်တွင် လီယိုပိုမီးလ်(ယခု ကင်ရှာဆာ)မြို့၌ အမျိုးသားရေးဝါဒီများ၏ ဆူပူအဓိကရုဏ်းဖြစ်မှုများ ပေါ်ပေါက်ပြီးနောက် ဘယ်လ်ဂျီယံနိုင်ငံက မထိန်းချုပ်နိုင်တော့ပေ။

ဖယ်ရှား

၁၉၆၀ပြည့်နှစ် ဇွန်လတွင် လွတ်လပ်ရေးရသည်။ပက်ထရစ်လူမန်းဘားက ဝန်ကြီးချုပ်ဖြစ်ပြီး ဂျိုးဇက်ကာဆာဗူဘူက သမ္မတဖြစ်လာသည်။ ၁၉၆၀ပြည့် ဇူလိုင်လတွင် ကွန်ဂိုစစ်တပ်က တပ်တွင်းပုန်ကန်မှုပြုလုပ်သည်။ ရွှန်ဘေးက တန်ဂါလွတ်လပ်ရေးကြေညာသည်။ ဘယ်လ်ဂျီယံအကျိုးစီးပွားကို ကာကွယ်ရန်ဟု အပြင်ပန်းအားဖြင့်ပြောဆိုကာ ဘယ်လ်ဂျီယံတပ်များကို စေလွှတ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဥပဒေစိုးမိုးရေးကူညီရန်ဆုံးဖြတ်သည်။သို့သော် လက်မခံ။ ၁၉၆၀ပြည့် စက်တင်ဘာလတွင် ဝန်ကြီးချုပ်လူမန်းဘားကို ကာဆာဗူဘူက ဖြုတ်ချသည်။ ထိုနှစ်ဒီဇင်ဘာလတွင် လူမန်းဘားဖမ်းဆီးခံရပြီး ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလတွင် လူမန်းဘားလုပ်ကြံသတ်ဖြတ်ခံရသည်။ ၁၉၆၄ခုနှစ်တွင် သမ္မတကာဆာဗူဘူက ရွှန်ဘေးကို ဝန်ကြီးချုပ်ခန့်သည်။ ၁၉၆၅ခုနှစ်တွင် ဂျိုးဇက်မိုဘူတူ ဦးဆောင်ပြီး အာဏာသိမ်းကာ သမ္မတရော၊ ဝန်ကြီးချုပ်တို့ကိုပါ ဖယ်ရှားလိုက်သည်။

အမည်ပြောင်းခဲ့

၁၉၇၁ခုနှစ်တွင် မိုဘူတူက ဇိုင်ယာနိုင်ငံဟုအမည်ပြောင်းသည်။ ကတန်ဂါကို ရှာဘာဟုအမည်ပြောင်းပြီး ကွန်ဂိုမြစ်ကိုလည်း ဇိုင်ယာမြစ်ဟု အမည်ပြောင်းသည်။ ၁၉၇၃-၇၄ခုနှစ်တွင် မိုဘူတူက နိုင်ငံခြားသားပိုင် ကုမ္ပဏီများကို ပြည်သူပိုင်သိမ်းပြီး ဥရောပရင်းနှီးမြှုပ်နှံသူများအား နိုင်ငံအတွင်းမနေနိုင်အောင် ဖန်တီးသည်။ ၁၉၈၉ခုနှစ်တွင် ဘယ်လ်ဂျီယံ ချေးငွေများ ပြန်ဆပ်မှုမပြုတော့။ ၁၉၉၆-၉၇ခုနှစ်တွင် မိုဘူတူပြည်ပသို့ ဆေးကုသမှုခံယူရန် သွားရောက်စဉ် တွတ်ဆီသူပုန်များက ဇိုင်ယာအရှေ့ပိုင်း ဒေသအများအပြားကိုသိမ်းပိုက်သည်။ ၁၉၉၇ခုနှစ် မေလတွင် ရဝမ်ဒါနိုင်ငံအကူအညီဖြင့် တွတ်ဆီသူပုန်များနှင့် မိုဘူတူ ဆန့်ကျင်ရေးသူပုန်များ ပူးပေါင်းကာ ကင်ရှာဆာမြို့တော်ကို သိမ်းပိုက်ပြီး ဇိုင်ယာနိုင်ငံကိုလည်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံဟု အမည်ပြောင်းခဲ့သည်။ လော့ရင့်ကာဘီလာ သမ္မတဖြစ်လာသည်။

၁၉၉၈ခုနှစ်ဩဂုတ်လတွင် ရဝမ်ဒါနှင့်ယူဂန္ဒာထောက်ခံသည့်သူပုန်များက သမ္မတကာဘီလာ ဆန့်ကျင်ရေးတိုးမြှင့်ပြီး ကင်ရှာဆာမြို့တော်သို့ ချီတက်လာသည်။ ဇင်ဘာဘွေ၊ နမီးဘီးယားနှင့် အင်ဂိုလာနိုင်ငံတို့က သမ္မတကာဘီလာဘက်မှကူညီတွန်းလှန်ပေးသည်။၁၉၉၉ခုနှစ်တွင် ယူဂန္ဒာထောက်ခံသည့် ကွန်ဂိုလွတ်မြောက်ရေး လှုပ်ရှားမှု (အမ်အယ်လ်စီ)သူပုန်နှင့် ရဝမ်ဒါထောက်ခံသည့် ကွန်ဂိုဒီမိုကရေစီတပ်ပေါင်းစု(အာရ်စီဒီ) သူပုန်တို့ လက်တွဲပြုတ်ကုန်သည်။

၁၉၉၉ခုနှစ် ဇူလိုင်လတွင် လူဆာကာ၌ စစ်ပွဲတွင်ပါဝင်သော အာဖရိကခြောက်နိုင်ငံတို့က အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးသည်။ နောက်တစ်လတွင် အမ်အယ်စီလ်နှင့်အာရ်စီဒီ သူပုန်အုပ်စုတို့ စာချုပ်ကို လက်မှတ်ရေးထိုးသည်။

အငယ်ဆုံးနိုင်ငံ

၂၀၀၁ခုနှစ်ဇန်နဝါရီလတွင်သမ္မတလောရင့်ကာဘီလာ သူ့သက်တော်စောင့်၏ လုပ်ကြံမှုခံရသည်။ သားဖြစ်သူဂျိုးဇက်ကာဘီလာက သမ္မတဆက်ခံသည် ဂျိုးဇက်ကာဘီလာသည် ကမ္ဘာပေါ်၌ အငယ်ဆုံး နိုင်ငံအကြီးအကဲ ဖြစ်ခဲ့သည်။

၂၀၀၃ခုနှစ်တွင် သမ္မတကာဘီလာက နှစ်နှစ်အတွင်းရွေးကောက်ပွဲကျင်းပရန်အထိ တာဝန်ယူရမည့် ကြားဖြတ်အစိုးရကိုဖွဲ့စည်းသည်။၂၀၀၅ခုနှစ် မေလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပါလီမန်ကအတည်ပြုပြီး ထိုနှစ်ဒီဇင်ဘာလတွင် မဲဆန္ဒရှင်များက ထောက်ခံသည်။၂၀၀၆ခုနှစ် ဇူလိုင်လတွင် သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲကျင်းပသည်။ နှစ်၄၀ အတွင်း ပထမဆုံး လွတ်လပ်သည့် ရွေးကောက်ပွဲဖြစ်သည်။ ၂၀၀၆ခုနှစ် နိုဝင်ဘာလတွင် ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲ၌ ဂျိုးဇက်ကာဘီလာ အနိုင်ရသည်။

ရင်ပေါင်တန်း

အဂတိလိုက်စားပြီး အာဏာရှင်ဆန်ဆန် အုပ်ချုပ်ခဲ့သူ မိုဘူတူကိုအား ၁၉၉၇ခုနှစ်တွင် ဖယ်ရှားပစ်ခဲ့သည့် စစ်ဆင်ရေးတို့တွင် ဖခင်ဖြစ်သူနှင့်အတူ ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့သူ သမ္မတ ဂျိုးဇက်ကာဘီလာသည် သူ့ဖခင် လောရင့်ကာဘီလာနှင့်မတူသည့် ဥပဓိရုပ်ရှိသူ ဖြစ်သည်ဆို၏။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ရှည်ကြာသောပဋိပက္ခများမှကျန်ရစ်ခဲ့သော အနာအဆာများကို အားလုံးနှင့်လက်တွဲကုစားမည်ဟု ကြေညာ ကတိခံထားသည့်သမ္မတ ဖြစ်သည်။ ထိုပဋိပက္ခများကို လူ့အသက်ပေါင်းသုံးသန်းစတေးခံကာ ဖြတ်ကျော်ခဲ့ရသည့် သမိုင်းကအနာဂတ်အတွက် သင်ခန်းစာတစ်ရပ်အဖြစ်လည်း လက်ခံထားသည်ဆိုပါ၏။ ။

(ကိုးကား-အင်တာနက်) **တိုး-ရေးသားသည်**

ဗြိတိန်၌ မုန်တိုင်းတိုက်ခတ်မှု လေယာဉ်ခရီးစဉ်များ ဖျက်သိမ်း

ဗြိတိန်နိုင်ငံအနောက်တောင်ပိုင်း ဒေသများတွင် တစ်နာရီလျှင်ကီလိုမီတာ ၁၃၀နှုန်း တိုက်ခတ်သောမုန်တိုင်းကြောင့် နေအိမ်အများအပြား ပြိုကျပျက်စီးခဲ့ရကြောင်း ဗြိတိန်နိုင်ငံမှ သဘာဝဘေးဒုက္ခဆိုင်ရာ အရာရှိများကပြောကြားသည်။

ထိုသို့မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟီသရိုးလေဆိပ်၌ လေယာဉ်ခရီးစဉ်၃၀ကျော်ခန့် ဖျက်သိမ်းခဲ့ရသည်။

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

ခာတ်အားကြိုးများကို သတိပြု မကိုင်တွယ်ပါလျှင်....

ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်း ကိုမီလာခရိုင်တွင် မတ် ၁၁ရက်က ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ အလုပ်သမားနှစ်ဦး မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးခဲ့ကြောင်း ကိုမီလာခရိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ အလုပ်သမားနှစ်ဦးမှာ လူနေ အဆောက်အအုံလေးထပ်၌ ခာတ်အားလွှတ်ထားသည့် လျှပ်စစ်ကြိုးစများကို အမှတ်တမဲ့ ကိုင်တွယ်မိခဲ့ရာမှ ခာတ်လိုက်ပြီး သေဆုံးခဲ့ရခြင်းဖြစ်သည်။

ဤဖြစ်ရပ်သည် ဆောက်လုပ်ရေးလုပ်ငန်းများ၌ လျှပ်စစ်ကြိုးများကို ဂရုတစိုက် ကိုင်တွယ်လုပ်ကိုင်သင့်ကြောင်း သတိပေးဖော်ပြလျက်ရှိသည်။

မောင်မောင်မြင့်ဆွေ

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၂-၃-၂၀၀၈

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းမြင့်တက်

ကမ္ဘာ့ရေနံဈေးကွက်၌ရေနံစိမ်းဈေးနှုန်းများဆက်လက်မြင့်တက်လျက်ရှိကြောင်း ရေနံတင်ပို့ရောင်းနိုင်ငံများအဖွဲ့(အိုပက်)မှအရာရှိများကပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန် ၁၀၈ ဒေါ်လာအထိ မြင့်တက်နေပြီး အမေရိကန်ဈေးကွက်၌ ၁၀၇ဒသမ၈၅ ဒေါ်လာ ရှိနေသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်း ၃၀အား ဖမ်းဆီး

အစ္စရေးတပ်ဖွဲ့ဝင်များက အနောက်ဘက်ကမ်းရှိ နာဘလုစ်မြို့တွင်း ဝင်ရောက်ကာ ပါလက်စတိုင်း ၃၀အားဖမ်းဆီးသွားကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။

ယခုဖမ်းဆီးခဲ့သည့် ပါလက်စတိုင်းများမှာ ဟားမတ်စ်လက်နက်ကိုင်အဖွဲ့ဝင်များဖြစ်ကြောင်း အစ္စရေးတို့ အလိုရှိနေသူများဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

အိန္ဒိယတပ်မတော် ခေတ်မီတိုးတက်ရေး ကြိုးပမ်းမည်

အိန္ဒိယတပ်မတော်ခေတ်မီစေရန် လိုအပ်သည့် ဖြည့်ဆည်းမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယတပ်မတော် ဒုတိယအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး ဇက်ယူရှိတ်က ပြောကြားသည်။

ညတိုက်ပွဲများ၌ ပိုမိုထိရောက်သောနည်းစနစ်များ၊ ခေတ်မီသည့် တပ်မတော်တစ်ရပ်ဖြစ်လာစေရန် လိုအပ်သော ဖြည့်ဆည်းမှုများကို နှစ်နှစ်အတွင်း တိုးတက်ကောင်းမွန်အောင် မိမိတို့ ကြိုးပမ်းသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဒုတိယကမ္ဘာစစ်အတွင်းကနစ်မြုပ်ခဲ့သောသင်္ဘော နော်ဝေမြောက်ပိုင်း၌ ပြန်လည်တွေ့ရှိ

နော်ဝေနိုင်ငံမြောက်ပိုင်း၌ ဒုတိယကမ္ဘာစစ်အတွင်းက နစ်မြုပ်ခဲ့သော သင်္ဘောတစ်စင်းကို ရေအောက်၌ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း နော်ဝေ အရာရှိများက ပြောကြားသည်။

အဆိုပါသင်္ဘောမှာ နာဗစ်ခ်မြို့ရှိ အေရီတေးဆိပ်ကမ်းအနီး ရေအောက် ကြမ်းပြင်၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်လေကြောင်း ဘိုးရင်းရှစ်စင်း ဝယ်ယူမည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဘီမင်ဘင်္ဂလားဒေ့ရှ်လေကြောင်းလိုင်းအနေဖြင့် ခရီးသည်တင်ဘိုးရင်းလေယာဉ်ရှစ်စင်းကို ထပ်မံဝယ်ယူသွားမည်ဖြစ်ကြောင်း ဘီမင်ဘင်္ဂလားဒေ့ရှ် လေကြောင်းလိုင်းမှ အရာရှိများက ပြောကြားသည်။

ထိုသို့ ခရီးသည်တင်လေယာဉ်များ ဝယ်ယူရေးအတွက် ဘီမင်ဘင်္ဂလားဒေ့ရှ်လေကြောင်းမှ ကိုယ်စားလှယ်များနှင့် ဘိုးရင်းကုမ္ပဏီမှ ကိုယ်စားလှယ်များ ဒါကာမြို့၌ မတ်၁၅ရက်တွင် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

နီပေါအား နယူးဇီလန်က အကူအညီပေး

တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများအတွက် အစားအစာ ထုတ်လုပ်သည့် လုပ်ငန်းများဖွံ့ဖြိုးရေး၌ ပူးတွဲဆောင်ရွက်သွားကြရန် သဘောတူညီချက် စာချုပ်ကို နီပေါနှင့် နယူးဇီလန်နိုင်ငံ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။

တိရစ္ဆာန်များ၏ ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန် နယူးဇီလန်နိုင်ငံက နီပေါနိုင်ငံအား ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း နီပေါအရာရှိများက ပြောကြားသည်။

ဟားမတ်စ်တို့က အစ္စရေးသို့ပစ်ခတ်မှု ရပ်မည်မဟုတ်

ပါလက်စတိုင်းလက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ဖြစ်သည့် ဟားမတ်စ်တို့က အစ္စရေးနိုင်ငံအား ဒုံးကျည်များဖြင့် ပစ်ခတ်မှုကို ရပ်တန့်မည်မဟုတ်ကြောင်း တုံ့ပြန်လိုက်သည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်ဒေသအတွင်း ဝင်ရောက်ကာ ပစ်ခတ်တိုက်ခိုက်ဖမ်းဆီးမှုများ မရပ်မချင်း မိမိတို့၏ ဒုံးကျည်များဖြင့် ပစ်ခတ်မှုကို ရပ်ဆိုင်းမည်မဟုတ်ကြောင်း ဟားမတ်စ်အဖွဲ့ကပြောကြားသည်။

ဘဝဒဿန အမြင်

* ***Life is made up of sobs, sniffles, and smiles, with sniffles predominating.***

ဘဝဟူသည် ငိုရှိုက်သံများ၊ သက်ပြင်းချသံများ၊ အပြုံးများဖြင့် ပေါင်းစပ် ဖွဲ့စည်းထားပြီး သက်ပြင်းချသံများကသာ ကြီးစိုးနေသည်။

အိုဟင်နရီ(စာရေးဆရာ)

* ***Self-respect that corner- stone of all virtue.***

မိမိကိုယ်မိမိတန်ဖိုးထားလေးစားမှုသည် ကောင်းမြတ်သော မင်္ဂလာတရားအပေါင်း၏ မှတ်ကျောက်ပင်ဖြစ်သည်။

ဂျွန်ဟာရှီးလ်(နက္ခတ္တဗေဒပညာရှင်)

အထူးညီလာခံကိုယ်စားလှယ်များ၏ ထောက်ခံမဲ ဒီမိုကရက်ပြိုင်ဘက်နှစ်ဦးစလုံးအတွက် လိုအပ်

ဝါရှင်တန် မတ် ၁၂

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်အနေဖြင့် အိုဟိုင်းယိုး၊ တက္ကဆက်နှင့်ရုဒ်အိုင်လင်ပြည်နယ် အကြိုရွေးကောက်ပွဲများတွင် အနိုင်ရပြီးနောက် ပြိုင်ဘက် အိုဘားမားနှင့် ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

ထို့ကြောင့် အိုဘားမားအနေဖြင့် အကြိုရွေးကောက်ပွဲများတွင် ညီလာခံကိုယ်စားလှယ်များ ပိုမိုရရှိကာ အောင်မြင်နေမှု မှန်မှန်တက်နေသကဲ့သို့ရှိပြီး ဟီလာရီမှာမူ ပြည်နယ်ကြီးများတွင် အနိုင်ရကာ ညီလာခံကိုယ်စားလှယ်များကို အရှိန်အဟုန်ဖြင့် ရလိုက်သကဲ့သို့ ရှိသည်။

အကြိုရွေးကောက်ပွဲ

သို့သော် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် နိုဝင်ဘာ ၄ရက် အမေရိကန်ရွေးကောက်ပွဲဝင်ရန်မှာ ညီလာခံကိုယ်စားလှယ် စုစုပေါင်း ၂၀၂၅ဦး ပြည့်ရန် ကြိုးပမ်းကြရဦးမည် ဖြစ်သည်။ ထိုသတ်မှတ်ညီလာခံဦးရေကို ပြည်နယ် အကြိုရွေးကောက်ပွဲများမှ ရရှိသော ကိုယ်စားလှယ်များ အနေဖြင့် နှစ်ဦးစလုံး တစ်ဦးမျှ ရနိုင်တော့မည် မဟုတ်ပေ။

စစ်တမ်းကောက်

ထို့ကြောင့် အထူးညီလာခံကိုယ်စားလှယ်တို့၏ ထောက်ခံမှုရမှ ဒီမိုကရက်တစ် သမ္မတလောင်းဖြစ်နိုင်တော့မည်။ ရွေးချယ်ခံထားရသူ ဒီမိုကရက်တစ်ပါတီဝင်နှင့် ပါတီထိပ်တန်းအရာရှိများပါဝင်သည့် အထူးညီလာခံကိုယ်စားလှယ်ပေါင်းမှာ ဒီမိုကရက်တစ်ပါတီတွင် ၇၉၆ဦးရှိသည်။ သူတို့သည် ပါတီညီလာခံရောက်မှ မဲပေးကြမည့်သူများဖြစ်သည်။ ဟီလာရီနှင့် အိုဘားမားပါ အထူးညီလာခံ ကိုယ်စားလှယ်များ၏ ထောက်ခံမှု ရရန်လည်း အထူးလုံးပန်းရသည့် အခြေအနေဖြစ်သည်။ မတ်၆ရက်က ရပ်စ်မြူဇင်၏ လူထုသဘောထား စစ်တမ်းကောက်ယူချက်အရ အမေရိကန်ပြည်သူ ၅၇ ရာခိုင်နှုန်းက ပြည်သူ့ဆန္ဒမဲအများဆုံး ရသူသည်သာ ဒီမိုကရက်တစ်သမ္မတလောင်းဖြစ်သင့်သည်ဟု ယုံကြည်သည်။ ၂၆ရာခိုင်နှုန်းကသာ ပါတီ ညီလာခံ ကိုယ်စားလှယ် အများဆုံး ရသူသာ ဖြစ်သင့်သည်ဟု ယူဆကြသည်။

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီနှင့် အိုဘားမား။

ကွာခြားချက်

ယင်းအခြေအနေအရ ဟီလာရီအနေဖြင့် ဒီမိုကရက်တစ် သမ္မတလောင်းအဖြစ် ရွေးကောက်ပွဲ ဝင်ရန်မှာ ပထမအချက်အနေဖြင့် ပြည်သူ့ထောက်ခံမဲ ပိုမိုရရန်လိုသည်။ သို့မှသာ အထူးညီလာခံကိုယ်စားလှယ်များ၏ မဲပေးထောက်ခံမှု ရရှိရန်သေချာသည်။ ဒုတိယအချက်အနေဖြင့် အိုဘားမားနှင့် ဟီလာရီတို့ ညီလာခံ ကိုယ်စားလှယ်ရရှိမှု ကွာခြားချက် ပိုနည်းနိုင်သမျှနည်းအောင် ကြိုးပမ်းရမည်။ တတိယအချက်မှာ ဟီလာရီက အိုဘားမားထက် သမ္မတပိုဖြစ်သင့်ကြောင်း ပြသရန်။ တစ်ချိန်တည်းမှာပင် ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်းကို အနိုင်ယူနိုင်သူအဖြစ် ထင်ရှား သက်သေထူနိုင်အောင် ကြိုးပမ်းရမည်ဖြစ်သည်။ ဤသုံးချက်စလုံး ပြည့်မီအောင်မြင်မှသာလျှင် ဟီလာရီအောင်ပွဲခံနိုင်မည်ဟု ဆိုထားသည်။

(အင်တာနက်)

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့နှင့် ဒူဘိုင်းလ်မြို့ကြားရှိ အဝေးပြေးလမ်းမပေါ်တွင် ကားများ ဆင့်ကဲတိုက်မိပြီး မီးလောင်မှုဖြစ်ပွားနေသည်ကို မတ်၁၁ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် စုစုပေါင်း၄၀၀၀နီးပါး ရှိပြီ

ဘဂ္ဂဒက် မတ် ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက် ဒီယာလာပြည်နယ်တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် မတ်၁၀ရက်က အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးနှင့် စကားပြန်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ကြေညာသည်။

သေဆုံး

ဘဂ္ဂဒက်မြို့တော်၌ အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးသည့်နေ့မှာပင် ဒီယာလာပြည်နယ်၌ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးနှင့် စကားပြန်တို့ သေဆုံးခြင်းဖြစ်သည်။ ဒီယာလာပြည်နယ် အသေခံဗုံးဖောက်ခွဲမှုတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားသည်။

ကျူးကျော်ဝင်ရောက်

မတ်၁၀ရက်က ဗုံးဖောက်ခွဲခံရပြီး သေဆုံးသူများ အပါအဝင် ၂၀၀၃ခုနှစ်က အီရတ်ကို အမေရိကန်ဦးဆောင်သည့် တပ်များ ကျူးကျော်ဝင်ရောက်ပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၄၀၀၀ နီးပါးရှိသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မော်လတာနိုင်ငံရွေးကောက်ပွဲ အာဏာရပါတီ အနိုင်ရရှိ

ရောမ မတ် ၁၂

မော်လတာ ရွေးကောက်ပွဲတွင် အာဏာရ ကွန်ဆာဗေးတစ် အမျိုးသားပါတီက ပွတ်ကာသီကာဖြင့် ကပ်၍ အနိုင်ရရှိသွားကြောင်း ရွေးကောက်ပွဲတာဝန်ရှိသူများက မတ်၁၀ရက်တွင် ပြောကြားသည်။

အတိုက်အခံပါတီ

အဆိုပါ အာဏာရ ပါတီသည် ရွေးကောက်ပွဲ မဲပေးပွဲတွင် မဲအရေအတွက် ၄၉ဒသမ၃ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ အတိုက်အခံပါတီ လေဘာပါတီက ၄၈ဒသမ၈ရာခိုင်နှုန်း ရရှိခဲ့ကြောင်း ရွေးကောက်ပွဲ တာဝန်ရှိသူများက ပြောကြားသည်။

မတ်၉ရက်က ကျင်းပခဲ့သော မော်လတာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲသည် ၂၀၀၄ခုနှစ်က ဥရောပသမဂ္ဂသို့ ဝင်ရောက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်ပြုလုပ်သော ရွေးကောက်ပွဲဖြစ်သည်။

ကြံ့ကြံ့ခံရင်ဆိုင်

ကွန်ဆာဗေးတစ် အမျိုးသားပါတီသည် ၁၉၉၈ခုနှစ်တွင် အာဏာရရှိလာပြီးနောက် လေဘာပါတီ၏ စိန်ခေါ်မှုကို ကြံ့ကြံ့ခံ ရင်ဆိုင်နေရသည်။ အီတလီနိုင်ငံ တောင်ပိုင်းရှိ အဆိုပါ ကျွန်းနိုင်ငံလေးသည် ၁၉၆၄ခုနှစ်က ဗြိတိသျှတို့ထံမှ လွတ်လပ်ရေး ရယူခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဆိုက်ပရပ်စ် ပြန်လည်ပေါင်းစည်းရေး အခွင့်အလမ်း တွေ့မြင်နေရပြီဟုဆို

အန်ကာရာ မတ် ၁၂

နှစ်ပိုင်းကွဲနေသော ဆိုက်ပရပ်စ်ကျွန်း ရွေးကောက်ပွဲ နောက်ပိုင်းတွင် ဆိုက်ပရပ်စ် ပြဿနာဖြေရှင်းရေး ဦးတည်သည့် တိုးတက်မှုအခွင့်အလမ်းတစ်ရပ်ကိုတွေ့မြင်ကြရကြောင်းတူရကီနှင့် ဂရိနိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့က မတ်၈ရက်က ပြောကြားသည်။

တွေ့ဆုံ

ဆိုက်ပရပ်စ်နိုင်ငံ၏ လက်ရှိအခြေအနေတွင် ရွေးချယ်တင်မြှောက်ခံရ သမ္မတ ဒီမီထရစ်ခရစ္စတိုဖီးယတ်က တူရကီ ဆိုက်ပရပ်စ်ခေါင်းဆောင် အလီတာလက်နှင့် မတ်လကုန်ပိုင်း၌ တွေ့ဆုံကောင်း တွေ့ဆုံမည်ဟု ပြောကြားပြီး နှစ်ရက် အကြာတွင် တူရကီနှင့်ဂရိနိုင်ငံခြားရေး ဝန်ကြီးနှစ်ဦး တွေ့ဆုံကြခြင်းဖြစ်သည်။

ပထမအကြိမ်

အကယ်၍ဆိုက်ပရပ်စ်သမ္မတ ဒီမီထရစ်ခရစ္စတိုဖီးယတ်နှင့် အလီတာလက်တို့ တွေ့ဆုံကြမည်ဆိုလျှင်လည်း နှစ်ပေါင်းများစွာအတွင်း ပထမအကြိမ် တွေ့ဆုံခြင်းဖြစ်လိမ့်မည်။

ကွဲခဲ့

ဆိုက်ပရပ်စ်ကျွန်းမှ နီကိုရှားနှင့် ဂရိလိုလားသည့် အာဏာသိမ်းမှုကို တုံ့ပြန်သည့်အနေဖြင့် တူရကီတပ်များ ဆိုက် ပရပ်စ်ကျွန်းကို ၁၉၇၄ခုနှစ်တွင် ကျူးကျော်သိမ်းပိုက်သည့်အချိန်မှစ၍ နှစ်ပိုင်းကွဲခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ပါကစ္စတန် ဝန်ကြီးချုပ်ရာထူး ပီပီပီပါတီ ရွေးချယ်မည်

အစ္စလမ္မာဘတ် မတ် ၁၂

ဘာနာဇီယာဘူတို၏ခင်ပွန်းဖြစ်သူသည် ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်ကို ဖိအားပေးနိုင်သည့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူညီလိုက်ပြီးနောက် ဝန်ကြီးချုပ်ရာထူးနေရာအတွက် မတ်၁၀ရက်က ပီပီပီပါတီ ခေါင်းဆောင်များနှင့်ဆွေးနွေးလျက်ရှိသည်။ ၂၀၀၇ခုနှစ် ဒီဇင်ဘာလကဘူတိုလုပ်ကြံခံရပြီးနောက် ခင်ပွန်းဖြစ်သူ အဆစ်အလီ ဇာဒါရီသည် ပီပီပီပါတီ၏ ခေါင်းဆောင်ဖြစ်လာသည်။

ဇာဒါရီနှင့် နာဝပ်ရှရစ်ဖ်သည် ဖေဖော်ဝါရီ ၁၈ရက် ရွေးကောက်ပွဲတွင် မဲအများဆုံးဖြင့် အနိုင်ရသော ပီပီပီပါတီက ဝန်ကြီးချုပ်ရာထူးနေရာအတွက် ရွေးချယ်ပေးရန် သဘောတူညီထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဂါဇာစစ်ဆင်ရေး အစ္စရေးလျှော့ချမည်

ဂျေရုဆလမ် မတ် ၁၂

ဂါဇာကမ်းမြောင်အတွင်းစစ်ဆင်ရေးများ လျှော့ချရန် အစ္စရေးအစိုးရက အစ္စရေးစစ်တပ်ကို အမိန့်ပေးထားကြောင်း စစ်ဘက်အရာရှိများက ပြောကြားသည်။ ပါလက်စတိုင်း နယ်မြေမှ ဒုံးကျည် ပစ်ခတ်မှုများ သိသိသာသာ လျော့နည်းလာပြီးနောက် အစ္စရေးအစိုးရက ထိုသို့ အမိန့်ပေးလိုက်ခြင်း ဖြစ်ကြောင်းသိရသည်။

သေဆုံး

အပစ်အခတ်ရပ်စဲရန် တရားဝင်သဘောတူညီမှုမရှိသေးကြောင်းအစ္စရေးနှင့်ဂါဇာကမ်းမြောင်ကို ချုပ်ကိုင်နေသည့် ဟားမတ်စ်အရာရှိများက ပြောကြားသည်။ ထိုသို့ အပစ်အခတ် မရပ်မီ အစ္စရေးတို့၏ စစ်ဆင်ရေးများတွင် ပါလက်စတိုင်း၁၂၀ထက်မနည်းသေဆုံးခဲ့ရသည်။ပါလက်စတိုင်းတို့၏ပစ်ခတ်မှုသို့မဟုတ် တိုက်ခိုက်မှုကြောင့် အစ္စရေး လေးဦးသေဆုံးခဲ့သည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ပြီးနောက် ပျက်စီးသွားသည့် အအောက်အအုံကို မတ်၁၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်ရလဒ်ကြောင့် မန်စီနီ ရာထူးကနုတ်ထွက်မလား

ရောမ မတ် ၁၂

ချန်ပီယံလိဂ် ဒုတိယအကျော့လက်ကျန်ပွဲစဉ်ကို မတ်၁၂ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ လီဗာပူးက အင်တာမီလန်ကို အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို တက်ရောက်သွားခဲ့ပြီ ဖြစ်ပါတယ်။

အလုပ်နဲ့ အကောင်းဆုံး သက်သေပြသွားမယ်။
ဘင်နီတက်ဇ်

ဒီပွဲမှာ လီဗာပူးက နှစ်ပွဲပေါင်း ရလဒ် သုံးဂိုးပြတ်နဲ့ ပေးဂိုး လုံးဝမရှိဘဲ အောင်ပွဲရခဲ့ပြီး ချန်ပီယံလိဂ် ကွာတားဖိုင်နယ် တက်ရောက်ခဲ့မှု အပေါ် ပြောကြားတဲ့အခါ **"ဒီပွဲမှာ ကျွန်တော့်လူတွေ ကစားသွားတာ ပြောစရာသိပ်မရှိပါဘူး။ ပြိုင်ပွဲတိုင်း အနိုင်ရဖို့ဆိုတာကတော့ လွယ်ကူတဲ့ ကိစ္စမဟုတ်ပေမယ့် အသင်းတိုင်းဟာ နိုင်ပွဲကိုပဲ လိုချင်နေကြတယ်။ အခုဆိုရင် တစ်ပတ်ကို ပွဲကြီးနှစ်ပွဲလောက် ကစားနေရတော့ အသင်းတွေရဲ့ရလဒ်ဟာ ခန့်မှန်းရခက်ခဲပါတယ်။ လီဗာပူးအသင်းနဲ့ကျွန်တော့်အပေါ် ဝေဖန်နေမှုတွေကို အလုပ်နဲ့အကောင်းဆုံးသက်သေပြသသွားမှာပါ"**လို့ ပြောပြသွားပါတယ်။

ရှုံးပွဲနဲ့ရင်ဆိုင်

ချန်ပီယံလိဂ်မှာအိမ်ကွင်း၊ အဝေးကွင်း ရှုံးပွဲတွေကြုံပြီး ပြိုင်ပွဲက ထွက်ခဲ့ရပြီဖြစ်တဲ့ အင်တာမီလန်ဟာ အိမ်ကွင်းဆန်စီရိုမှာ ရှုံးပွဲနဲ့ ရင်ဆိုင် လိုက်တာနဲ့ပတ်သက်ပြီး အင်တာမီလန် နည်းပြ မန်စီနီ အသင်းက နုတ်ထွက် မယ်ဆိုတဲ့အထိ ခံစားခဲ့ရတယ်လို့ ဆိုပါတယ်။

ထိခိုက်

"ဒီပွဲရလဒ်က ကျွန်တော့်ကို အကြီးအကျယ် ထိခိုက်စေတာတော့ အမှန်ပါပဲ။ အသင်းရဲ့အောင်မြင်မှုကို ထိခိုက်စေသလိုကျွန်တော်ရဲ့အနာဂတ်ကိုလည်း ပြောင်းလဲနိုင်တဲ့အထိ ရိုက်ခတ် စေခဲ့ပါတယ်။ ချန်ပီယံလိဂ်မှာရလဒ်တွေ မကောင်းခဲ့တာဟာ ကျွန်တော့်ရဲ့စွမ်းဆောင်မှုနဲ့ သက်ဆိုင်နေတာမို့ ကျွန်တော်မကြာခင် အင်တာမီလန်က ထွက်ခွာဖို့ စီစဉ်ထားပါတယ်"လို့ နည်းပြမန်စီနီက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အင်တာမီလန်မှ နုတ်ထွက်မည့် နည်းပြ မန်စီနီ။

နည်းပြကောင်း

အသက် ၄၃နှစ်သာ ရှိသေးတဲ့ ရိုဘာတိုမန်စီနီဟာ အင်တာမီလန်နည်းပြအဖြစ် ၂၀၀၄ခုနှစ်က စတင်ကိုင်တွယ်ခဲ့တာဖြစ်ပြီး အင်တာမီလန်အတွက် စီးရီးအေဖလားကို ယူပေးထားနိုင်တဲ့ နည်းပြကောင်းတစ်ဦး ဖြစ်ပါတယ်။

ခြောက်မှတ်ကွာ

လောလောဆယ် စီးရီးအေမှာတော့ တန်းစီဇယား ထိပ်ဆုံးနေရာက ရပ်တည်နေပြီး ဒုတိယနေရာက ရိုးမားနဲ့ ခြောက်မှတ်ကွာနေပါတယ်။ ဒါ့အပြင် ဒီနှစ်စီးရီးအေမှာ အင်တာမီလန်ပဲ ဖိုလ်စွဲဖို့ ရာခိုင်နှုန်းများနေပါတယ်။ မန်စီနီအနေနဲ့ကတော့ အင်တာမီလန်ကို စီးရီးအေဖလား ရယူပေးနိုင်ဖို့ထက်ချန်ပီယံလိဂ်ဖလား ရယူပေးဖို့ စိတ်အားထက်သန်နေခဲ့တာမို့ အခုလိုပြိုင်ပွဲက ထွက်ခဲ့ရတာကို ခံစားခဲ့ရတယ်လို့ ဆိုပါတယ်။

ထွက်ခွာမည်

ဒါကြောင့် လက်ရှိ စီးရီးအေမှာ ထိပ်ဆုံးနေရာမှာ ရပ်တည်မှု၊ အီတာလျှံဖလား ဘောလုံးပွဲမှာ အကြို ဗိုလ်လုပွဲအထိ ရောက်အောင် စွမ်းဆောင်မှုတွေ ပေးထားနိုင်ခဲ့ပေမယ့် မိမိဟာ အင်တာမီလန်ကနေပြီး ဒီနှစ် ဘောလုံးရာသီကုန်အချိန်မှာ ထွက်ခွာတော့မယ်လို့ ပြောကြားလိုက်ပြီ ဖြစ်ပါတယ်။

နည်းပြသစ်

အင်တာမီလန်အသင်း ပိုင်ရှင် မိုရက်တီကတော့ မန်စီနီဟာ အင်တာမီလန်ရဲ့ နည်းပြသမိုင်းမှာ အကောင်းဆုံးနည်းပြတစ်ဦးဖြစ်တယ်လို့ ချီးမွမ်းစကား ဆိုထားပါတယ်။ ဒါကြောင့် အင်တာမီလန် နည်းပြသစ် ဘယ်သူဖြစ်လာမယ်ဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

မောင်မောင်မြင့်ဆွေ

ပရီမီယာလိဂ် ထိပ်သီးလေးသင်း

ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ကွာတားတက်ပြီ

မြင့်မောင်စိုး စုစည်းသည်

လန်ဒန် မတ် ၁၂

လီဗာပူးအသင်းနှင့် စီးရီးအေ ချန်ပီယံအင်တာမီလန်အသင်းတို့သည် မတ် ၁၂ရက်က ချန်ပီယံလိဂ် ၁၆သင်းရှုံးထွက် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဆန်စီရိုကွင်း၌ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်သည့် စတုတ္ထမြောက် အင်္ဂလိပ်ပရီမီယာလိဂ်အသင်း ဖြစ်လာသည်။

လီဗာပူးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ယခုနှစ်ရာသီတွင် လီဗာပူးအသင်း၏ ဂိုးသွင်းစက် ဖြစ်လာသော တောရက်စ်က ပွဲချိန်၆၄မိနစ်၌ အင်တာမီလန် နောက်တန်းလူများ အကြားမှ လုလုပပသွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးကြောင့် အနီရောင် လီဗာပူးတို့ နှစ်ကျော့ပေါင်း သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိထားပြီဖြစ်၍ ခြေစွမ်းပြကစားနိုင်ခဲ့သည်။

နှစ်ဝါ တစ်နီ

အင်တာမီလန် ကစားသမား ဘာဒစ်ဆိုသည် ပွဲချိန်မိနစ် ၅၀တွင် လီဗာပူးမှ လူးကက်စ်လစ်ဗာအား ကြမ်းတမ်းစွာ ကစားခဲ့၍ နှစ်ဝါ တစ်နီဖြင့် ထွက်ခဲ့ရသည်။

ပထမပိုင်းတွင် လီဗာပူးဂိုးသမား ရေနာသည် အင်တာတိုက်စစ်မှူး ဂျူလီယိုခရုစ်ဇ် အပိုင်ကန်သွင်းသော နှစ်ဂိုးကို ကာကွယ်ပေးနိုင်ခဲ့သည်။

ပွဲချိန် ၂၉မိနစ်တွင် အင်တာတိုက်စစ်မှူး အီဘရာဟင်မိုဗစ် အကောင်း ဆုံးကန်သွင်းခွင့် ရရှိခဲ့သော်လည်း ဘောလုံးဆိုင်းနေ၍ တစ်ဂိုး နစ်နာခဲ့ရသည်။ အင်တာမီလန်တို့ ဒုတိယပိုင်း အစတွင် တိုက်စစ်ဆင် ကစားခဲ့သော်လည်း လီဗာပူးနောက်တန်း ခံစစ် အားကောင်းနေ၍ ဂိုးမရဘဲ ဖြစ်ခဲ့ရသည်။

ကံဆိုးခဲ့

အင်တာမီလန်အသင်း၏ နောက်တန်း အဓိကအားထားရသော မာတာရာဇီ ပထမအကျော့ အန်ဖီးလ်ကွင်း၌ ကစားစဉ် အနီကတ်ဖြင့် ထွက်ခဲ့ရခြင်းကြောင့်လည်း လီဗာပူးတို့ ကံကောင်းစေပြီး အင်တာမီလန်တို့ ကံဆိုးခဲ့ရသည်။

အထူးသဖြင့် နည်းပြဘင်နီတက်ဇ်က ခံစစ်မှူးများဖြစ်သည့် မာတင်စကာတယ်နှင့် ဟစ်ပီယာတို့ကို ဗဟိုခံစစ်တွဲ ချထား၍ အင်တာ တိုက်စစ်မှူးများ အခက် တွေ့စေခဲ့သည်။ ပွဲအပြီး လီဗာပူးအသင်းသည် နှစ်ကျော့ပေါင်း သုံးဂိုးပြတ်ဖြင့် စီးရီးအေချန်ပီယံကို အောင်နိုင်ခဲ့သည်။

ယင်းပွဲ လီဗာပူးတို့အနိုင်ရရှိလိုက်၍ ယခုနှစ်ချန်ပီယံလိဂ် ရာသီတွင် မန်ယူ၊ အာဆင်နယ်၊ ချယ်လ်ဆီးတို့နှင့်အတူ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ပရီမီယာလိဂ်မှ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ လေးသင်းစလုံး တက်ရောက်နိုင်ခြင်းသည် ပထမဆုံးအကြိမ် ဖြစ်သည်။

ထိုသို့ လေးသင်းစလုံး လိဂ်တစ်ခုတည်းမှ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခြင်းမှာ ချန်ပီယံလိဂ်သမိုင်းတွင် မရှိသေးသည့် အစဉ်အလာဖြစ်သည်။

လီဗာပူးတိုက်စစ်မှူး တောရက်စ် (လယ်)**က အော်ရီလီယို ဖြတ်ထိုးပေးသော ဘောလုံးကို ဂိုးဧရိယာအတွင်းမှ ဤသို့ လှည့်ကန်သွင်းယူခဲ့သည်။**
(အင်တာနက်ဓာတ်ပုံ)

ရှုန်းကန်ကြိုးစား

လီဗာပူးအသင်းသည် အုပ်စုပွဲများတွင် ရုန်းကန်ကြိုးစားခဲ့ရသော်လည်း ယင်းပွဲအနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာနိုင်ခြင်းကြောင့် ချန်ပီယံလိဂ် ရာသီလေးခုအတွင်း တတိယအကြိမ်မြောက် ဗိုလ်လုပွဲသို့ တက်ရောက်ရန် အခွင့်အလမ်းတစ်ရပ် ရရှိသွားသည်။ ။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ကံကြမ္မာ၏ သားကောင်ပမာ

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ချက်ဝ့(ဒ်)မြို့လေးသည် အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ်တွင်ရှိသော မြို့ငယ်လေး ဖြစ်သည်။ ယင်းမြို့ကလေးတွင် ကော်ဖီဆိုင်တစ်ဆိုင်ရှိသည်။ အဆိုပါ ကော်ဖီဆိုင်ပိုင်ရှင် အက်ဒ်ဝပ်ခရီယုဇ်၏သား အသက်(၅၄)နှစ်ရှိ ရော်ဂျာခရီယုဇ် **(ယာပုံ)** သည် အိမ်ထောင်ကျပြီးနောက် ဇနီးဖြစ်သူနှင့်အတူ အိမ်ခွဲနေသူ ဖြစ်သည်။ ၎င်း၏မိဘများနှင့် ညီများသည် ကော်ဖီဆိုင်ကို ဆက်လက်လုပ်ကိုင်နေသည်။

မိသားစုစိတ်ဓာတ်

ရော်ဂျာခရီယုဇ်သည် အိမ်ထောင်ကျသွားခဲ့သော်လည်း အလုပ်အားလပ်သည့်အခါတိုင်း မိဘများ၏ ကော်ဖီဆိုင်တွင် သွားရောက် ကူညီခြင်း၊ ဝိုင်းဝန်းစောင့်ရှောက်ခြင်းတို့ကို ပုံမှန်ပြုလုပ်ပေးလေ့ရှိသည်။ အကြီးဆုံးသားဖြစ်သဖြင့် ညီငယ်များအပေါ်တွင်လည်း ညာတာကာ မိသားစုစိတ်ဓာတ်အပြည့်ရှိသူ ဖြစ်သည်။

ရော်ဂျာသည် မိသားစုအပေါ်တွင် စောင့်ရှောက်ပြီး ခင်မင် နှစ်လိုဖွယ်ကောင်းကာ ဇဝနညာဏ်၊ ဟာသညာဏ်ရွှင်သူဖြစ်သကဲ့သို့ သစ္စာအလွန်ရှိသူ ဖြစ်သည်။ ထိုသို့ မိသားစုအပေါ်တွင် ကောင်းသော၊ တန်ဖိုးရှိသော သားသမီးကောင်း ပီသသူ ရော်ဂျာမှာ ၂၀၀၈ခုနှစ် မတ်၃ရက်တွင် မိသားစုအတွက် သစ္စာစောင့်သိရိုသေရင်း ကြေကွဲဖွယ်ရာ အသက်နှင့် ရင်းကာ ပေးဆပ်ခဲ့သည့် ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

ကူညီလုပ်ကိုင်ပေး

ထိုနေ့ည ခုနစ်နာရီ ခန့်တွင် ရော်ဂျာသည် အလုပ်အားလပ်သဖြင့် ထုံးစံအတိုင်း မိဘများနှင့် ညီများ ဦးစီးရောင်းချနေသော ကော်ဖီဆိုင်တွင် လိုအပ်သည်များကို ကူညီလုပ်ကိုင်ပေးရန် ရောက်ရှိနေခဲ့သည်။ ဖခင်နှင့်မိခင်မှာ ဖလော်ရီဒါပြည်နယ်သို့ အပန်းဖြေခရီးထွက်နေသဖြင့် ဆိုင်တွင်မရှိကြပေ။ ထို့ကြောင့် အစ်ကိုကြီး အဖအရာ ဆိုသကဲ့သို့ ရော်ဂျာအနေဖြင့် ညီများနှင့်အတူ ကော်ဖီဆိုင်တွင် စီမံခန့်ခွဲပေးနေခဲ့သည်။

သူ့ကော်ဖီဆိုင်သို့ရောက်ပြီး နာရီဝက်နီးပါးခန့်တွင် သူအလုပ်လုပ်နေရာ ကောင်တာ၏ အခြားအစွန်းဘက်တွင် လူငယ်တစ်ဦး လာရပ်နေခဲ့သည်။ ထိုအတောအတွင်း အမျိုးသမီးတစ်ဦးက ကောင်တာတွင် ကော်ဖီလာရောက်မှာကြားနေခဲ့သည်။ ထိုအချိန်တွင် အစောပိုင်းက လာရပ်နေသော လူငယ်က အမျိုးသမီးကို အကာအကွယ်ယူလျက် ဆုကြေးငွေဒေါ်လာများ ထည့်ထားသော ဖန်အိုးကို ဟိုရှေ့သည်ရှေ့ဖြင့် ကစားနေခဲ့လေသည်။ ရော်ဂျာက အမျိုးသမီးအတွက် ကော်ဖီမှာပေးကာ ကျသင့်ငွေကို တွက်ယူနေစဉ်တွင် ထိုလူငယ်မှာ အဆိုပါ ဖန်အိုးကို အလစ်သုတ်ကာ ဆိုင်ရှေ့ တံခါးမကြီးမှ တစ်ဆင့် ထွက်ပြေးသွားလေတော့သည်။ လူငယ်၏ လုပ်ရပ်ကို အလုပ်လုပ်ရင်း သတိထားမိသော ရော်ဂျာသည် ထိုလူငယ်၏နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်သွားခဲ့လေသည်။ လူငယ်သည် ကားရပ်ရာ နေရာတွင် ထိုးထားသော ကားများကြားမှ ပြေးဝင်သွားရာ ရော်ဂျာက ခွနပဲဖြင့် လိုက်သွားခဲ့သည်။ လူငယ်အား မီလုမီခင် အချိန်တွင်မှ လူငယ်က ရုတ်တရက် ပြန်လှည့်ကာ ဓားဖြင့် ထိုးမှုကြောင့် ရော်ဂျာ၏ ဝမ်းဗိုက်ဒဏ်ရာရရှိကာ လောကကြီးနှင့် ခေတ္တမျှ အဆက်အသွယ် ပြတ်သွားခဲ့တော့သည်။

ဆေးရုံသို့တင်ပို့

ရော်ဂျာ၏ ညီငယ်များမှာ ရော်ဂျာအတွက် စိုးရိမ်ပြီး နောက်မှလိုက်သွားခဲ့ကြသဖြင့် ရော်ဂျာဒဏ်ရာရပြီး လဲကျနေသည်ကို တွေ့ရှိကာ ဆေးရုံသို့ တင်ပို့ခဲ့ကြသည်။ ရော်ဂျာခရီယုဇ်၏ ဖခင် အက်ဒ်ဝပ်ခရီယုဇ်မှာ အပန်းဖြေစခန်းမှ သားဖြစ်သူထံ အမြန်ပြန်လာခဲ့သော်လည်း သူ၏သားမှာ မတ်၅ရက်တွင် လူ့လောကမှ အပြီးအပိုင် ထွက်ခွာသွားတော့သည်။ လူငယ် အလစ်သုတ်သွားသော ဖန်အိုးထဲတွင် ပါသွားသောငွေမှာ ၁၀ဒေါ်လာမျှသာ ရှိသည်ဟု အသက်၄၂နှစ်ရှိ သူ၏ ညီအငယ်ဆုံးဖြစ်သူ ခရစ်ခရီယုဇ်က ပြောကြားသည်။ သူ၏ မိသားစုများ၏ ကော်ဖီဆိုင်ရှိ ကင်မရာများ မှတ်တမ်းအရ လူငယ်ကို လိုက်လံရှာဖွေ လျက်ရှိပြီး သတင်းပေးသူကို ဒေါ်လာ ၂၀၀၀၀ ဆုချမည်ဟု ကြေညာခဲ့သည်။ အလှူရှင်တစ်ဦးက ဆုကြေးငွေ ဒေါ်လာ ၁၀၀၀၀ကို လှူဒါန်းခဲ့သည်။

အလစ်သမားလူငယ်၏အန္တရာယ်ပေးနိုင်မှုကို သတိမမူမိဘဲ မှောင်ထဲတွင် လိုက်သွားမိသဖြင့် အသက်ဆုံးရှုံးခဲ့ရသည့် ရော်ဂျာခရီယုဇ်၏ အဖြစ်ကို သတိချပ်သင့်ကြောင်း၊ ကံကြမ္မာ၏ သားကောင်ဖြစ်ခဲ့ရသူ ရော်ဂျာခရီယုဇ်၏ ဖြစ်ရပ်ကို သင်ခန်းစာယူနိုင်ရန် ကိုးကားဖော်ပြလိုက်ပါကြောင်း။ ။

ရော်ဂျာသည် မိသားစုအပေါ်တွင် စောင့်ရှောက်ပြီး ခင်မင်နှစ်လို ဖွယ်ကောင်းကာ ဇဝနညာဏ်၊ ဟာသညာဏ် ရွှင်သူဖြစ်သကဲ့သို့ သစ္စာအလွန်ရှိသူ ဖြစ်သည်။

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၏ ၂၀၀၈ခုနှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီး ဒေါက်တာမြင့်ဆွေ အမှာစကားပြောကြားစဉ်နှင့် တက်ရောက်ကြသူများ။

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် မောင်မယ်သစ်လွင်ကြိုဆိုပွဲမှ ပထမနှစ်သတင်းအတတ်ပညာ ကျောင်းသူများ၏ ရင်တွင်းစကား

မသန့်ညိုစော (JNL-21)

မေး။ ။ သမီး ဒီဘာသာရပ်ကို ရွေးချယ်ခဲ့တဲ့ အကြောင်းရင်းကို ပြောပြပါဦး။

ဖြေ။ ။ မြန်မာနိုင်ငံမှာ ပထမဆုံးသတင်းအတတ်ပညာဘာသာရပ် ဖွင့်မယ်ဆိုတဲ့အခါ စိတ်ဝင်စားခဲ့ပါတယ်။ ဒီပညာရပ်ဟာ အထူးအရေးပါပြီး ခက်ခဲနက်နဲတဲ့ ပညာရပ်ဖြစ်တယ်ဆိုတာ ယုံကြည်တဲ့အတွက် ရွေးချယ်ခဲ့တာပါ။

မေး။ ။ ပညာရပ်တွေကို လေ့လာဆည်းပူးတဲ့အခါ ဘယ်လိုခံယူချက်တွေနဲ့ ဆည်းပူးပါသလဲ။

ဖြေ။ ။ နိုင်ငံတော်မှာ အမှန်တကယ်လိုအပ်နေတဲ့ တိုင်းပြည်အကျိုးပြု ဂျာနယ်လစ်တစ်ယောက် ဖြစ်ရမယ်လို့ ခံယူထားပါတယ်။

မေး။ ။ ပညာရပ်တွေကို ဆည်းပူးပြီးတဲ့အခါ ဘယ်လိုအကျိုးပြုဖို့ ရည်ရွယ်ထားပါသလဲ။

ဖြေ။ ။ သတင်းအတတ်ပညာဟာ တစ်သက်တာလေ့လာဆည်းပူးရမယ့် ဘာသာရပ် ဖြစ်ပါတယ်။ သမီးတို့ဘွဲ့ရပြီးတဲ့အခါ နိုင်ငံတော်အတွက် သတင်းစာဆရာကောင်းများအဖြစ်အကျိုးပြုသွားဖို့ရည်ရွယ်ပါတယ်။

*** ကျောင်းမှ**

မဇင်ဇင်လှိုင်းနွယ် (JNL-1)

မေး။ ။ သတင်းအတတ်ပညာကို သမီးဘယ်လို နားလည်ပါသလဲ။

ဖြေ။ ။ သတင်းအတတ်ပညာဟာ အလွန်စိတ်ဝင်စားဖွယ်ကောင်းပြီး ကျယ်ပြန့် နက်နဲလှပါတယ်။ နိုင်ငံတော်အတွက် လိုအပ်နေတဲ့ တိုင်းကျိုးပြည်ပြု ဘာသာရပ်တစ်ခုလည်း ဖြစ်ပါတယ်။

မေး။ ။ သမီးတို့ သင်ကြားရတဲ့ဘာသာရပ်တွေကို ပြောပြပါဦး။

ဖြေ။ ။ သတင်းအတတ်ပညာ အဓိကဘာသာရပ်တွေအပြင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီ၊ စီမံခန့်ခွဲမှုပညာ၊ ဘောဂဗေဒ၊ မြန်မာ့ရေးရာနဲ့ ကွန်ပျူတာဘာသာရပ်တွေကို သင်ကြားရပါတယ်။

ရည်ရွယ်

"သမီးတို့ဘွဲ့ရပြီးတဲ့အခါ နိုင်ငံတော်အတွက် သတင်းစာဆရာကောင်းများအဖြစ် အကျိုးပြုသွားဖို့ ရည်ရွယ်ပါတယ်"
မသန့်ညိုစော

မေး။ ။ ဒီလိုဘာသာရပ်တွေကို သင်ကြားရတဲ့အတွက် သမီးတို့ ဘယ်လို ခံစားရပါသလဲ။

ဖြေ။ ။ သတင်းစာဆရာတစ်ယောက်ဟာ အကြောင်းအရာအားလုံးကို အနည်းငယ်စီသိရပြီး အကြောင်းအရာ အချို့ကိုတော့ အလုံးစုံ သိရမယ်လို့ ဆရာကြီးတွေက ပြောပြပါတယ်။ ဒီအတွက် သမီးတို့ ဘာသာရပ်စုံလင်စွာ သင်ကြားခွင့်ရတာမို့ ပီတိဖြစ်မိပါတယ်။

မတင်ဇာမြင့်မောင် (JNL-6)

မေး။ ။ သမီးရဲ့ ရည်မှန်းချက်ကို ပြောပြပါဦး။

ဖြေ။ ။ အောင်မြင်တဲ့ သတင်းထောက်တစ်ယောက် ဖြစ်ချင်ပါတယ်။

မေး။ ။ အောင်မြင်တဲ့ သတင်းထောက်တစ်ယောက်မှာ ရှိသင့်တဲ့ အရည်အချင်းတွေကကော။

တိုင်းကျိုးပြည်ပြု

"နိုင်ငံတော်အတွက် လိုအပ်နေတဲ့ တိုင်းကျိုးပြည်ပြု ဘာသာရပ် တစ်ခုလည်း ဖြစ်ပါတယ်"
မဇင်ဇင်လှိုင်းနွယ်

ဖြေ။ ။ သတင်းထောက်တစ်ယောက်ဟာ မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာစလုံး ကျွမ်းကျင်ရပါမယ်။ ဒါ့အပြင် ပြည်တွင်းပြည်ပ ဗဟုသုတတွေလဲ ပြည့်စုံရပါမယ်။ ဘာသာရပ်အသီးသီးကိုလည်း နှံ့စပ်ဖို့လိုပါမယ်။

ဥပမာ– ဘောဂဗေဒဘာသာရပ်ကို လေ့လာထားတဲ့အတွက် စီးပွားရေးသတင်းဝေဖန်ချက်၊ ဆောင်းပါးတွေကို ဟာကွက်မရှိ ရေးသားနိုင်မှာဖြစ်ပါတယ်။ မြန်မာစာကို ကျွမ်းကျင်တဲ့အတွက် သတင်းကို ရှင်းလင်းပြီး ဖတ်သူအလွယ်တကူ နားလည်အောင် ရေးသားနိုင်မှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း ကွန်ပျူတာပညာနဲ့ အင်တာနက် အသုံးပြုပုံတို့ကို ကျွမ်းကျင်ဖို့လိုပါတယ်။

မဖြူဝင်းသန့် (JNL-8)

မေး။ ။ သတင်းအတတ်ပညာကို တက်ရောက်ခြင်းမှ ရလာတဲ့ တိုးတက်မှုတွေကို သိချင်ပါတယ်။

ဖြေ။ ။ သမီးတို့ သတင်းအတတ်ပညာ တက်ရောက်ခဲ့တဲ့အခါ သတင်းစာရဲ့ ဖွဲ့စည်းပုံ၊ ဂျာနယ်လစ် တစ်ယောက်လိုက်နာရမယ့် ကျင့်ဝတ်

"မြန်မာနိုင်ငံမှာ ပထမဆုံး ဖွင့်လှစ်တဲ့ B.A (Journalism) သင်တန်းကို ပထမဆုံး တက်ရောက်ခွင့်ရတဲ့ အတွက် အလွန်ဂုဏ်ယူမိပါတယ်"
မဖြူဝင်းသန့်

စည်းကမ်းတွေကို သိရပါတယ်။ သတင်းရေးသားရာမှာ စာလုံးပေါင်းသတ်ပုံ မှန်ကန်မှု၊ အင်္ဂလိပ်–မြန်မာ ဘာသာပြန်ဆိုမှု အရေးကြီးပုံတွေကို လေ့လာရပါတယ်။

မေး။ ။ ပထမနှစ်သင်တန်း တက်ရောက်ခွင့်ရတဲ့အတွက် ခံစားချက်ကို ပြောပြပါဦး။

ဖြေ။ ။ Journalism ဘာသာရပ်ကို သင်ကြားရတဲ့အတွက် အထွေထွေ

အောင်မြင်တဲ့ သတင်းထောက်

"အောင်မြင်တဲ့ သတင်းထောက် တစ်ယောက် ဖြစ်ချင်ပါတယ်"
မတင်ဇာမြင့်မောင်

ဗဟုသုတတွေရပြီး ပျော်ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဆုံး ဖွင့်လှစ်တဲ့ B.A(Journalism) သင်တန်းကို ပထမဆုံးတက်ရောက်ခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်။

မေး။ ။ သမီးရဲ့ဘဝရည်မှန်းချက်က။

ဖြေ။ ။ ထူးချွန်တဲ့ သတင်းစာဆရာတစ်ယောက် ဖြစ်ချင်တာပါ။ ဘာသာပြန်ကို စိတ်ဝင်စားတဲ့အတွက် ဘာသာပြန်စာရေးဆရာမလည်း ဖြစ်ချင်ပါတယ်။

မနှင်းရတနာဇော် (JNL-48)

မေး။ ။ သတင်းအတတ်ပညာကို လေ့လာခဲ့ရတဲ့ ရည်ရွယ်ချက်ကို သိချင်ပါတယ်။

ဖြေ။ ။ သမီးမှာ ရည်ရွယ်ချက်သုံးခု ရှိပါတယ်။ (၁) သတင်းအသံလွှင့်ကြေညာသူတစ်ဦး ဖြစ်ချင်ပါတယ်၊ (၂) အရာရာကို နှံ့စပ်စွာ သိမြင်နိုင်သူတစ်ဦးလဲ ဖြစ်ချင်ပါတယ်၊ (၃)သွက်လက်ထက်မြက်တဲ့ သတင်းစာဆရာတစ်ဦးလည်း ဖြစ်ချင်ပါတယ်။

မေး။ ။ သင်ကြားမှု ပထမဆုံးနေ့ အတွေ့အကြုံလေးကကော။

ဖြေ။ ။ သမီးရဲ့ရည်မှန်းချက်တွေအတွက် စတင်ကြိုးစားရလို့ ပျော်ရွှင်ကျေနပ်မိပါတယ်။ သတင်းစာဆရာကြီးများနဲ့ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများရဲ့ အားပေးစကားကြောင့် ပိုပြီးအားတက်မိပါတယ်။

သွက်လက်ထက်မြက်

"သွက်လက်ထက်မြက်တဲ့ သတင်းစာဆရာ တစ်ဦးလည်း ဖြစ်ချင်ပါတယ်"
မနှင်းရတနာဇော်

မေး။ ။ လေ့လာဆည်းပူးရာမှ ရလာတဲ့ အတွေးအခေါ်လေးကို ပြောပြပါ။

ဖြေ။ ။ သတင်းစာတစ်စောင် ဖန်တီးရတဲ့ ခက်ခဲနက်နဲမှု၊ သတင်းတစ်ပုဒ်ရဲ့ တန်ဖိုး၊ အဖွဲ့အစည်းနဲ့ ဆောင်ရွက်တတ်ရန် အရေးကြီးပုံ၊ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းနဲ့ သတင်းသမားတစ်ဦးရဲ့ ကျင့်ဝတ်သိက္ခာပိုင်းကိုပါ နားလည်ခဲ့ရပါတယ်။

နိုင်ငံတော်သည် အနာဂတ်လူ့အဖွဲ့အစည်းတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘာသာရပ်အသစ်များကို လေ့လာခွင့်ရရှိစေရန် စေတနာရှေ့ထား၍ ပံ့ပိုးလျက်ရှိပါသည်။ ယနေ့သတင်းနည်းပညာထွန်းကားသော ကာလတွင် သတင်းအတတ်ပညာ(Journalism)၏ သွက်လက်ထက်မြက်မှုသည် မရှိမဖြစ် အရေးပါလှပေသည်။ သို့ဆိုလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကို တည်ဆောက်ရာဝယ် မျိုးဆက်သစ် သတင်းအတတ်ပညာရှင်များပေါ်ထွန်းလာခြင်းသည် တစ်တပ်တစ်အားဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ယနေ့ သတင်းနည်းပညာထွန်းကားသော ကာလတွင် သတင်းအတတ်ပညာ (Journalism) ၏ သွက်လက်ထက်မြက်မှုသည် မရှိမဖြစ် အရေးပါလှပေသည်။ သို့ဆိုလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာဝယ် မျိုးဆက်သစ် သတင်းအတတ်ပညာရှင်များ ပေါ်ထွန်းလာခြင်းသည် တစ်တပ်တစ်အားဖြစ်စေမည်ဟု ယုံကြည်။

● ရှေ့ဖုံးမှ

ရေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတင်မောင်နှင့် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ယင်းနောက် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးရဲအောင်မြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ အဖွဲ့ဝင် ဦးဘိုရွှေက မဲစာရင်းပြုစုရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက မဲရုံပုံစံနှင့် ဆန္ဒမဲပေးပုံတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ဖွင့်ပွဲအခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိုလင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သင်တန်းတက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရေးဦးစွာ မြန်မာနိုင်ငံ ဘိုလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်က ဘိုလင်းအားကစားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဘိုလင်းအဖွဲ့ချုပ်မှ နည်းပြနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားများက သရုပ်ပြကစားကြသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးမှ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၈၆ဦး တက်ရောက်ကြသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ Bowling အားကစားခန်းမတွင် နိုင်ငံတကာအဆင့်မီ ကွန်ပျူတာထိန်းချုပ်စနစ်ဖြင့် တပ်ဆင်ထားပြီး အားကစားသမား ရှစ်ဦး တစ်ပြိုင်တည်း ကစားနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃–၃–၂၀၀၈ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၀၅	၆။	အဆိုပြိုင်ပွဲ
၈း၁၀	၇။	အကပဒေသာ
၈း၂၀	၈။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၀၀	၅။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၅ ခုနှစ်)
၁၇း၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၃၀	၇။	တေးဂီတအစီအစဉ်
၁၇း၄၅	၈။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	တေးဂီတအစီအစဉ်
၁၈း၅၀	၁၂။	သီးနှံစိုက်ပျိုးအထွက်တိုး (ပြည်ပဝင်ငွေတိုးစရာ ဆေးဖက်ဝင် သစ်ခွစိုက်ပါ)
၁၉း၀၀	၁၃။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၁၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့်ဆုံစည်းခြင်း** (အပိုင်း–၁၅)
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း–၈)
	၁၉။	နောက်တစ်နေ့အစီအစဉ်

အမ်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၂

အမ်းမြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၀၆–၂၀၀၇ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အသင်းတည်ရှိရာ အောင်ရာမြေ ပရိယတ္တိစာသင်တိုက် မေခအိမ်ရာဝင်း မေခလမ်းသွယ်၂ (ဆ/ခ)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်တွင် မတ် ၂၃ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အမ်းမြို့နယ်သားများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက် ၇၅ နှစ်အထက် အဘိုး၊ အဘွားများ အမည်စာရင်းနှင့် ပညာရည်ချွန်ဆုအတွက် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးနှင့် အောင်မြင်သူ အသင်းဝင်များ၏ သားသမီးများ၊ အသင်းဝင်များ၏ အိမ်ထောင်စုစာရင်းဝင်မြေးများ၏ အမည်စာရင်းကို အထောက်အထားများနှင့်တကွ ဥက္ကဋ္ဌ ဦးအုန်းကျော် ဖုန်း–၅၈၆၅၉၈၊ ဦးအောင်ဝင်း အသင်းနာယက ဖုန်း–၇၂၂၅၀၁ နှင့် ဦးကြည်တင် ဒုတိယဥက္ကဋ္ဌ ဖုန်း–၅၇၂၅၇၀ တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။ **(က–ပ)**

မန္တလေးမြို့မလွန်ဈေး ဆန်အလှူအသင်းကြီးက (၁၁၂)နှစ်မြောက် မဟာတဏ္ဍုလ ဆွမ်းဆန်တော်များကို မတ်၇ရက်က ဥက္ကဋ္ဌဦးမောင်မောင်နှင့် အမှုဆောင်လူကြီးများက မဟာအောင်မြေမြို့နယ် မြတောင် ပရိယတ္တိစာသင်တိုက် မန္တလေးတိုင်း သံဃနာယကဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ရွှေဝါဝင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသထံ ဆွမ်းဆန်တော်များကို ပထမအကြိမ်လှူဒါန်းစဉ်။ (က–ပ)

နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်အား စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ချွာဟိုင်ကောင်းသည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ဝန်၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြောင်း သိရသည်။ **(သတင်းစဉ်)**

စာရေးဆရာဆရာဝန်အဖွဲ့ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)စာရေးဆရာ ဆရာဝန်အဖွဲ့က ကြီးမှူး၍ မိတ်ဆုံပွဲ နှင့် စာပေဆုရရှိသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ တစ်နိုင်ငံလုံးမှ စာရေးဆရာ ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြိတ်အထက(၁)အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၂

ပထမအကြိမ်မြောက် မြိတ်အထက(၁) အဝေးရောက်ကျောင်းသားဟောင်းများ မြိတ်ဆရာပူဇော်ပွဲကို မတ်၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ယုဇနဟိုတယ်ခန်းမ ရွှေဂုံတိုင် ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်ပါရာ ဖေဖော်ဝါရီလတွင် နောက်ဆုံး အပူဇော်ခံရန် စာရင်းပေးထားသော ဆရာ ဆရာမများနှင့် ရန်ကုန်မြို့ရောက် မြိတ်အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်လာရောက်ကြပါရန် ရန်ကုန်မြို့ရောက် မြိတ်အထက(၁)ကျောင်းသားကျောင်းသူဟောင်းများက ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

ဘဝလှချင်စာကြည့်စင် စာကြည့်တိုက်ဖွင့်

ရန်ကုန် မတ် ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနတွင် ယနေ့နံနက် ၉နာရီက ဘဝလှချင် စာကြည့်စင် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် ဒုတိယရဲမှူးယုနိုင်နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း(ဗဟို)အမှုဆောင် ဦးမောင်မောင်မြင့်အေးတို့က အမှာစကားပြောကြားသည်။ ထို့နောက် ကြို့ကုန်းအရှေ့ရပ်ကွက်နေ ဦးရှိန်အောင်ဗိုလ် (ဘဝလှချင်စာကြည့်စင်စာကြည့်တိုက်နာယက)က သုတ၊ ရသ စာအုပ် ၅၂၈အုပ်နှင့် ငွေသားကျပ်တစ်သိန်းကို မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးဇော်ဝင်းထံ ပေးအပ်လှူဒါန်းခဲ့ပြီး သွပ်ငါးချပ်တန်ဖိုးငွေကျပ် ၂၅၀၀၀ ကို ရွှေပြည်သာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃–၃–၂၀၀၈(ကြာသပတေးနေ့)

AM & PM

၇း၀၀ – ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ – ၁း၀၅	**'တရားတစ်ပုဒ်ရဲ့ကျေးဇူး'** တရားတော် (တောင်စွန်းဆရာတော် ဓမ္မဒူတအရှင်ဝိမလ)
၈း၁၅ – ၂း၁၅	နိဗ္ဗာန်ဆီသို့အမေး–အဖြေများ
၈း၃၅ – ၂း၃၅	တေးဂီတအစီအစဉ်
၈း၄၀ – ၂း၄၀	ပြည်တွင်းအနုပညာရေးရာ
၉း၀၀ – ၃း၀၀	ကျောက်ကပ်နှင့်ကျောက်ကပ်ရောင်ရောဂါအကြောင်း (ပါမောက္ခ ဒေါက်တာခင်မောင်ဌေး)
၉း၂၀ – ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ – ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ – ၃း၃၅	သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပွဲ မင်္ဂလာအခမ်းအနား
၁၀း၀၀ – ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ – ၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀ – ၄း၁၀	တောင်ကြီးမြို့ရဲ့ တုမရှိလောကချမ်းသာစုဥ္စာမုန့်
၁၀း၂၅ – ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ – ၄း၃၀	နယဉ်ဆန်းထွင်ပန်းအလှဆင်
၁၀း၅၅ – ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ – ၅း၀၅	ချိုသောအေးသောမွှေးသောရင်ကိုစွဲငြိစေသော စားသောက်ဖွယ်ရာ
၁၁း၃၀ – ၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ – ၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀ – ၅း၄၀	Activities in the city
၁၁း၅၀ – ၅း၅၀	မြန်မာနိုင်ငံ မီးသတ်အဖွဲ့၏ ကာကွယ် ကယ်ဆယ်ရေးလုပ်ငန်းများ (ကျေးလက်တောရွာ)
၁၂း၁၀ – ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅ – ၆း၁၅	တိုင်းရင်းဆေးပညာရှင်များ၏ ဝိဇ္ဇာဓရနယဆေးပညာဆွေးနွေးပွဲ
၁၂း၄၀ – ၆း၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁း၀၀ – ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တပ်မတော်ခေါ်သံ

တပ်မတော်ကသင့်ကိုအလိုရှိသည် စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၂

ဒေါက်တာထီလာစစ်သူ၏ တပ်မတော်ခေါ်သံ (မြန်မာ–အင်္ဂလိပ်)စာအုပ် ထွက်ရှိလာသည်။ ဤစာအုပ်တွင် လွတ်လပ်ရေးရပြီးစ နိုင်ငံ၏ ၁၉၄၉ ခုနှစ် မှ ၁၉၅၂ ခုနှစ်အတွင်း ခရီးကြမ်း၊ မြန်မာပြည်သူတို့၏ ခရီးကြမ်း၊ စာရေးသူ၏ ဘဝခရီးကြမ်း ဖြတ်သန်းလာခဲ့ကြရပုံတို့ကို သမိုင်းမှတ်တိုင်အဖြစ် ရေးသားဖော်ပြထားသည်။**(ယာပုံ)**

စာရေးသူသည် ထိုခေတ်၊ ထိုကာလ ရင်နင့်ဖွယ်ဖြစ်ရပ်များကို ရေးသားခြယ်မှုန်းဖော်ပြည်သာမက လူငယ်ကလေးများ၏ မိခင်များ ပရိဒေဝသောကမီး တောက်လောင်ခံစားရပုံ၊ သားငယ်များ ပြန်လာနိုးနိုးဖြင့် မျှော်လင့်နေရရှာပုံတို့ကို ခံစားဖော်ပြထားသည်။

ယနေ့လူငယ်များအား ခါးသီး စက်ဆုပ်ကြောက်လန့်ဖွယ်ကောင်းလှသည့် ဥပဒေပြင်ပသို့ မရောက်ကြစေရန်နှင့် သတိပညာဉာဏ်မြေကတုတ်၊ ချွန်းကဲ့သို့ အုပ်နိုင်ပါစေဟူသော စိတ်ရင်း စေတနာကောင်းတို့ဖြင့် ရေးသားထားသော စာအုပ်ကောင်း တစ်အုပ်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မယ်တော်ကြီး ဒေါ်ဒေါင်းဥအား အမှူးထား၍ ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် သုဇိတာရုံကျောင်း ဆရာတော် ဦးနေမိန္ဒ(သာသနဓဇဓမ္မာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ)က ငါးထပ်ကြီးဘုရားသံစောင်းတန်း တည်ဆောက်ရေးအတွက် အလှူငွေ ကျပ်နှစ်သိန်းငါးသောင်းကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးသောင်းရွှေ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ–၂၀၀၈ ကျင်းပမည်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA) နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA)တို့ ပူးပေါင်းစီစဉ်သော မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ–၂၀၀၈ (Myanmar ICT Exhibition 2008)ကို မတ် ၂၁ ရက်မှ ၂၃ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ဈေးနှုန်းချိုသာ

အဆိုပါနည်းပညာပြပွဲတွင် ပြည်တွင်းကုမ္ပဏီနှင့် လုပ်ငန်း ၉၀ တို့မှ နိုင်ငံတကာအသိအမှတ်ပြု အမှတ်တံဆိပ် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ Networking ဆိုင်ရာ နည်းပညာအသစ်အဆန်းများ၊ Software Solution များ၊ ကွန်ပျူတာဆိုင်ရာ သင်တန်းများ၊ စာအုပ်စာတမ်းများကို ပြသထားမည်ဖြစ်ပြီး ပြပွဲကာလအတွင်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါသည်။

ဆက်သွယ်မေးမြန်း

ပြပွဲနှင့်ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းရုံးခန်း ဖုန်း–၆၅၂၂၇၆ နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း ဖုန်း–၆၅၂၂၃၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်) ဘွဲ့ခံငါးကြီးကွေ့ကျောင်းဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မတ် ၁၂

နိုင်ငံတော်က အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ပဲခူးတိုင်း ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကွေ့ကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသအား ဂုဏ်ပြုပူဇော်ကန်တော့ပွဲ အခမ်းအနားကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ မတ် ၁၈ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရေတာရှည်မြို့နယ် အသင်းသူ အသင်းသားများ ကြွရောက်ကြည်ညို ပူဇော်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

လွတ်လပ်သော မြန်မာတို့၏ အကောင်းဆုံးအခြေခံဥပဒေ

ပြည်လုံးကျွတ်ထောက်ခံမှုဖြင့် အတည်ပြုကြပါစို့

ကျွန်တော်ဟာ သတင်းသမားတစ်ယောက်၊ စာရေးသူတစ်ယောက်သာ ဖြစ်ပါတယ်။ သတင်းသမားအဖြစ် ကျွန်တော်တို့ ခံယူတာကတော့ သတင်းအချက်အလက်တွေဟာ မှန်ရပါတယ်၊ တိကျရပါတယ်၊ လုပ်ကြံဖန်တီးတဲ့ သတင်းအတုတွေ မဟုတ်ရပါဘူး။ ဒီကနေ့ သတင်းမှန်တွေ ပုံနှိပ်ဖော်ပြနေတဲ့ စာနယ်ဇင်းတွေဟာ နောင်တစ်နေ့ သမိုင်းစာမျက်နှာများထဲ ဝင်သွားမဲ့ဖြစ်ပါတယ်။ ဒါကြောင့် သတင်းတွေဟာ မှန်ရပါတယ်။ သတင်းမှန် အချက်အလက်များကို ဆက်စပ်သုံးသပ်လျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး အခြေအနေမှန်နှင့်အလားအလာကို မြင်သိနိုင်ကြပါတယ်။ ဒါကြောင့်လဲ သတင်းကို အခြေခံပြီး ဝေဖန်ဆန်းစစ်သူ၊ သုံးသပ်သူ၊ ခွဲခြမ်းစိတ်ဖြာသိရှိသူတွေဆိုတာ ပေါ်လာရတာပါ။

မမှန်တဲ့သတင်း၊ သပ်သွင်း သပ်လျှိုသတင်း၊ လုပ်ကြံဖန်တီးတဲ့ သတင်း၊ ကောလာဟလသတင်း၊ လူသားတွေရဲ့ ဦးနှောက်အသိကို သတင်းမှားနဲ့ မှိုင်းတိုက်ပြီးမှ နဖားကြိုးထိုးတဲ့ အမှိုက်သတင်းတွေကိုတော့ သတိထားကြရပါမယ်။ ဘာပြုလို့လဲဆိုတော့ လူတို့ရဲ့ ကိုယ်ပိုင်အသိဉာဏ်ကို ဖျက်လိုဖျက်ဆီးလုပ်ပြီး ဖမ်းစားချုပ်ကိုင်တတ်ကြလို့ ဖြစ်ပါတယ်။

သတင်းသမားတွေဟာ အချိန်မလောက်လို့၊ သတင်းစာ စာမျက်နှာမဆံ့လို့ ချန်ခဲ့ရတဲ့သတင်း၊ ဖော်ပြဖို့မသင့်လို့ (အများအကျိုးယုတ်စေတဲ့ သတင်းဖြစ်လို့) ချန်ခဲ့ရတဲ့ သတင်းတွေကအစ သိထားရသူတွေပါ။ သတင်းစာ၊ ရေဒီယိုသတင်း၊ ရုပ်မြင်သံကြားသတင်း နားထောင်ကြည့်ရှုကြတဲ့ ပြည်သူတွေမှာလည်း နေ့စဉ်ဖတ်ရှုနားထောင်ရသမျှ သတင်းများကို အခြေခံသုံးသပ်ရင် မိမိတို့အတွက်၊ မိမိတို့လူမျိုး၊ မိမိတို့နိုင်ငံအတွက် အကောင်းအဆိုး၊ အကြောင်းအကျိုးတွေ သုံးသပ်ဆုံးဖြတ်နိုင်ကြမှာပါပဲ။ ပြည်တွင်းပြည်ပ အဖျက်သမားတွေက "သတင်းစာဖတ်မနေနဲ့၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြားသတင်းတွေ နားထောင်မနေနဲ့၊ သူတို့ကောင်းကြောင်းတွေပဲ ရေးသားထုတ်လွှင့်နေကြတာ" လို့ ဆိုပြီး လူတွေရဲ့ ဦးနှောက်အသိတရားကို လမ်းလွှဲဆော်သြနေမှုတွေကို နားယောင်ရင်၊ အဲဒီလူတွေကတစ်ဆင့် နယ်ချဲ့အသံလွှင့်ဌာနတွေက လွှင့်တဲ့ မုသားမှိုင်းတိုက်သတင်းတွေ၊ မမှန်မကန် တီးတိုးဝါဒဖြန့်တဲ့ မှိုင်းတိုက်သတင်းတွေ၊ အသိလမ်းလွှဲသတင်းတွေကို အဟုတ်မှတ်နေရင် ကိုယ်ပိုင်ဦးနှောက်အသိတရားဟာ အဖျက်သမားများရဲ့ ကျွန်ဖြစ်သွားတော့မှာ ဧကန်မုချပါပဲ။

BBC, VOA, RFA, DVB စတဲ့ ပြည်ပက မြန်မာဘာသာနဲ့ အသံလွှင့်နေတာတွေကိုလည်း နားထောင်ကြည့်ရပါတယ်။ သူတို့မှာ နိုင်ငံရေးအရလှုံ့ဆော်မှုတွေ ထားရှိနေကြတာတွေကိုတော့ သာမန်ရိုးရိုးသတင်းဌာနတွေလို့ မှတ်ယူလို့ မရပါဘူး။ အဲဒီအသံလွှင့်ဌာနတွေကို တည်ထောင်ထားတဲ့ နိုင်ငံတွေဟာ ဟိုးရှေးတုန်းကရော၊ ဒီကနေ့မှာရော နိုင်ငံပေါင်းများစွာကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ကျွန်ပြုကုပ်သွေးစုပ်ခဲ့တဲ့ နယ်ချဲ့နိုင်ငံကြီးတွေပါ။ ဒီကနေ့လည်း ကိုလိုနီနယ်ချဲ့ဝါဒ ပုံစံဟောင်းကို ပြုပြင်ဖာထေးပြီး ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ အသံကောင်းဟစ်ရင်း နိုင်ငံတကာအပေါ် ကျူးကျော်စွက်ဖက်၊ ဗိုလ်ကျခြယ်လှယ် သွေးစုပ်တဲ့ နယ်ချဲ့ပုံစံသစ် ကျင့်သုံးနေကြသူတွေပါပဲ။ **ဒါ့အပြင် မြန်မာနိုင်ငံမှာ ဥပဒေချိုးဖောက်၊ တိုင်းဆူပြည်ဖျက် လုပ်ရပ်တွေလုပ်၊ ပြစ်မှုမျိုးစုံ ကျူးလွန်ထွက်ပြေးသွားသူတွေကို BBC, VOA, RFA, DVB အသံလွှင့်လုပ်ငန်းတွေမှာ ခန့်အပ်တာဝန်ပေးထားတဲ့အတွက် အဲဒီအသံလွှင့်ချက်တွေကို သတိနဲ့ယှဉ်ပြီး နားထောင်ရမှာပါ။ သောက်ရေခပ်ရာမှာ ပိုးမွှားအမှိုက်အမှုန် မပါအောင် ရေစစ်ပဝါနဲ့ အထပ်ထပ်စစ်သလို၊ အဲဒီမီဒီယာတွေက ထုတ်လွှင့်တဲ့ သတင်းတွေကို နားထောင်တဲ့အခါ ကိုယ်ပိုင်အမျိုးသားရေး အသိတရား (လေစစ်ပဝါ)အထပ်ထပ်နဲ့ နားထောင်တတ်ဖို့ လိုပါမယ်။**

မြန်မာနိုင်ငံက မီဒီယာတွေ၊ အထူးသဖြင့် အစိုးရမီဒီယာတွေက လွှင့်ထုတ်ဖော်ပြနေတာတွေကို ကျွန်တော်တို့ ကြားရတယ်၊ မြင်ရတယ်၊ ဖတ်ရတယ်။ ဆည်တမံတွေ၊ ကျောင်းတွေ၊ လမ်းတံတားတွေ၊ စက်ရုံတွေ၊ ဆေးရုံတွေ တည်ဆောက်မှုကို ဖော်ပြတဲ့အခါ ရုပ်ပုံ(သက်သေသာဓက)နဲ့ ဖော်ပြတာပဲ။ ဟုတ်မဟုတ် ကိုယ်တိုင်သွားကြည့်လို့လည်း ရတာပဲ။ အဲဒီဒေသရောက်သွားသူတွေ၊ မီဒီယာမှာကြည့်လိုက်ရသူတွေ ဒိဋ္ဌဓမ္မ မြင်တွေ့နေကြရတာပဲ။ ဒါမျိုးတွေကိုကျတော့ နယ်ချဲ့မီဒီယာတွေက မသိယောင်ဆောင်ပြီး တစ်ခုတလေတောင် မဖော်ပြကြတာဟာ စဉ်းစားစရာဖြစ်နေပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းတစ်လျှောက် ပါလီမန်ဒီမိုကရေစီ (ဖဆပလ၊ ပထစ)ခေတ်ရဲ့ အကောင်းအဆိုး၊ ဆိုရှယ်လစ်ဒီမိုကရေစီ (တော်လှန်ရေးကောင်စီ၊ လမ်းစဉ်ပါတီ)ခေတ်ရဲ့ အကောင်းအဆိုး၊ မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ ဆူပူမှုတွေ၊ ဆန္ဒပြမှုတွေ၊ သပိတ်တွေ၊ အဓိကရုဏ်းတွေ၊ လက်နက်ကိုင်သောင်းကျန်းမှုတွေ၊ ဝါဒကွဲ အုပ်စုကွဲတို့ရဲ့ အာဏာလုပွဲတွေကို ကြားသိမြင်တွေ့နိုင်ပါတယ်။ ဒါ့အပြင် ဒီကနေ့ စစ်အစိုးရ၊ စစ်အစိုးရနဲ့ ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေက မိုးမွှန်အောင် အပုပ်ချနေကြတဲ့ နိုင်ငံတော်အစိုးရရဲ့ အမျိုးသားနိုင်ငံရေးဖြစ်စဉ်တွေ၊ ဒီမိုကရေစီ ဖော်ဆောင်မှုတွေ၊ ပြည်တွင်းငြိမ်းချမ်းရေး ရယူ တည်ဆောက်နိုင်ခဲ့ပုံတွေ၊ ဈေးကွက်စီးပွားရေးစနစ်နဲ့ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှု တည်ဆောက်နိုင်ပုံတွေ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံအဆောက်အအုံဖြစ်တဲ့ လမ်း၊ တံတား၊ ဆည်တမံ၊ စက်ရုံ၊ စက်မှုလယ်ယာ၊ လူသားအရင်းအမြစ်ပျိုးထောင်မှုတွေကို လွတ်လပ်တဲ့ မိမိတို့ ကိုယ်ပိုင်ဦးနှောက်၊ ကိုယ်ပိုင်စက္ခု၊ သောတ ဝိညာဉ်ဓာတ်နဲ့ အထင်အရှား သိမြင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

တက္ကသိုလ်မြတ်သူ

အကြောင်းတိုက်ဆိုင်လို့ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၄ရက်နေ့က တွေ့ဆုံပွဲလေးတစ်ခုကို မှတ်မှတ်ရရ တင်ပြချင်ပါတယ်။ ဒီကနေ့ အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ ရီပတ်ဘလီကင်ပါတီ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံဖို့ သေချာနေပြီလို့ဆိုကြတဲ့ အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းဟာ အဲဒီကာလတုန်းက ရန်ကုန်ရောက်လာပြီး ပြည်လမ်းက အမေရိကန်သံအမတ်ကြီးအိမ်မှာ ကျင်းပတဲ့ တွေ့ဆုံပွဲပါ။ မြန်မာနိုင်ငံက ဒီမိုကရေစီအလားအလာ၊ နိုင်ငံရေးမြင်ကွင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးနဲ့ လူ့အခွင့်အရေး အနေအထားတွေကို သိချင်လို့ ဂျွန်မက်ကိန်း လာခဲ့တာလို့ ပြောပါတယ်။

အဲဒီတွေ့ဆုံပွဲကို မွန်းလွဲ ၁နာရီခွဲမှာ ပြုလုပ်ပါတယ်။ ၁နာရီကျော်ကျော်မှာ တွေ့ဆုံမယ့် ပုဂ္ဂိုလ်တွေရောက်လာကြပါတယ်။ NLD ဦးကြည်မောင်၊ ဦးအောင်ရွှေ၊ ဦးတင်ဦးတို့ အပါအဝင် ဖြစ်ပါတယ်။ ဒေါ်စုကြည်ကတော့ ကြိုရောက်နေပြီး မက်ကိန်းနဲ့ နှစ်ယောက်တည်း သီးခြားတွေ့ပြီးပါပြီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) မှ ဦးခွန်ထွန်းဦးနဲ့အဖွဲ့ဟာလည်း ကြိုရောက်နေပြီး မက်ကိန်းလက်ထဲ စာရှည်တစ်စောင် ပေးအပ်ထားပြီး ဖြစ်ပါတယ်။ ကျန်တက်ရောက်သူတွေထဲမှာ ဦးစခုန်တိန့်ယိန်း၊ ဦးအောင်ခမ်းထီ၊ ဦးမထုနော်စတဲ့ တိုင်းရင်းသား ငြိမ်းချမ်းရေး အဖွဲ့ခေါင်းဆောင်တွေ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီက ဦးခင်မောင်ကြီးဦးဆောင်တဲ့ ကိုယ်စားလှယ်တွေ၊ အသိပညာရှင် အတတ်ပညာရှင် ကလောင်သမားများ ဖြစ်ကြတဲ့ ဇေယျာမောင်အမည်ခံ ဆရာကြီးဦးကိုလေးနဲ့ အမျိုးသား ညီလာခံကိုယ်စားလှယ် ကျွန်တော်တို့လည်း ပါဝင်တက်ရောက်ပါတယ်။

မက်ကိန်းက "ပြောစရာရှိတာ ပြောကြပါ"ဆိုတော့ ဒေါ်စုကြည်က "စောစောက ပြောပြီးပြီလေ" လို့ပြောပါတယ်။ နှစ်ယောက်ချင်း တွေ့ပြီးပြီ၊ ပြောပြီးပြီလို့ ဆိုလိုတာပါ။ ဦးခွန်ထွန်းဦးကလည်း "ကျွန်တော်တို့ သဘောထားကတော့ ခုနကပေးပြီးခဲ့တဲ့စာထဲမှာ ပါပါတယ်" လို့ ဖြေပါတယ်။ ဦးစခုန်တိန့်ယိန်း(ကချင်ငြိမ်းချမ်းရေး အထူးဒေသ-၁)က "ကျွန်တော်တို့ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တင်ပေးမယ်လို့ တပ်မတော်အစိုးရက ကတိပေးထားလို့ ကျွန်တော်တို့ကတော့ အမျိုးသားညီလာခံကြီး ပြီးမြောက်အောင်မြင်သည်အထိ ဆက်တက်မှာပဲ။ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းတွေလည်း ကျွန်တော်တို့ အရှိန်အဟုန်မြှင့်လုပ်နေတာ အခုဆိုရင် မိုင်းလားဒေသမှာ ဘိန်းကင်းသွားပြီ၊ ကျွန်တော်တို့ ဒေသတွေဟာလဲ မကြာခင် ဘိန်းကင်းဒေသတွေ ဖြစ်လာတော့မှာပါ" လို့ ပြောခဲ့ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဦးခင်မောင်ကြီးက "ဒီကနေ့မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ဒီမိုကရေစီဖော်ဆောင်ဖို့ အားလုံး ကြိုးပမ်းနေကြပါတယ်။ ပါတီအဖွဲ့အစည်းတစ်ခုတည်း၊ NLD တစ်ခုတည်းကသာ ကြိုးပမ်းနေတာမဟုတ်ပါဘူး။ ကျွန်တော်တို့ တစည အပါအဝင် ပါတီအဖွဲ့အစည်းအားလုံးနဲ့ပြည်သူတွေကပါ ကြိုးပမ်းနေကြတာပါ" လို့ ပြောပါတယ်။

ဆရာကြီး ဦးကိုလေးနဲ့ ကျွန်တော်တို့တိုင်ပင်ပြီး ဆရာကြီးကပဲ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေကို ပြောကြားပေးဖို့ သဘောတူခဲ့ကြပါတယ်။ ဆရာကြီးဦးကိုလေးက "အခု ကျွန်တော့်အသက် ၈၀ ပါ။ ကျွန်တော့်တစ်သက် မြန်မာနိုင်ငံမှာ ဒီကနေ့လောက် ငြိမ်းချမ်းတည်ငြိမ်တဲ့ အနေအထား၊ ဖွံ့ဖြိုးတိုးတက်တဲ့ အခြေအနေမျိုး တစ်ကြိမ်တစ်ခါမှ မကြုံဖူးခဲ့ပါဘူး၊ ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်ငြိမ်းချမ်း ဖွံ့ဖြိုးတိုးတက်မှုကို ပြည်ပက မနှောင့်ယှက်ကြစေချင်ပါဘူး၊ ဖြစ်နိုင်သမျှ ကူညီကြစေချင်ပါတယ်" လို့ ပြောကြားပြီး တွေ့ဆုံပွဲ အပြီးသတ်ခဲ့ပါတယ်။

ဆရာကြီးဦးကိုလေးဟာ ကလောင်ခွဲ သုံးလေးခုနဲ့ နယ်ချဲ့ဆန့်ကျင်ရေးစာတွေ၊ စက္ကူဖြူဖြူပြဇာတ် အပါအဝင် "သီပေါမင်းနဲ့ နယူးယောက်တိုင်းမ်သတင်းစာ" စတဲ့ စာအုပ်တွေ ရေးခဲ့သူဖြစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးတက္ကသိုလ်တက်ခဲ့တဲ့ ၁၉၅၁-၅၂ ပညာသင်နှစ်မှာ ဆရာကြီးဟာ ကျောင်းအုပ်ကြီးပါ။ ဆရာကြီးဟာ ပိဋ္ဋကတ်စာပေတွေကိုလည်း အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့တယ်။ သာသနာ့တက္ကသိုလ်မှာလည်းအင်္ဂလိပ်စာ ဧည့်ပါမောက္ခအဖြစ် တာဝန်ယူခဲ့ပါတယ်။ သီရိလင်္ကာဆရာတော် ဝါလ်ပိုရာဟုလာ (ဝေပုလ္လရာဟုလာ)ရဲ့ "What the buddha taught" ကို "မြတ်ဗုဒ္ဓ ဒေသနာ" စာအုပ်လို့ ဘာသာပြန်ခဲ့ပါတယ်။ မောင်သစ္စာ ကလောင်အမည်နဲ့ ထေရဝါဒဗုဒ္ဓဘာသာအကြောင်း ဆွေးနွေးရှင်းလင်းချက် စာအုပ်ရေးသားခဲ့ပါတယ်။ ဆရာကြီးရဲ့ တိုရှင်းလိုရှင်း မြန်မာနိုင်ငံပကတိအခြေအနေ တင်ပြချက်ကြောင့် ဂျွန်မက်ကိန်း ခေါင်းညိတ်သွားခဲ့ပါတယ်။

၁၉၈၈ခုနှစ် အရေးအခင်းကို အသေးစိတ်လေ့လာမှုအရ ၁၉၄၇ ခုနှစ် အခြေခံဥပဒေ၊ ၁၉၇၄ခုနှစ်အခြေခံဥပဒေတို့မှာ ယိုပေါက်၊ ဟာကွက်၊ ချွတ်ယွင်းချက်များပါရှိပြီး နိုင်ငံကို ကသောင်းကနင်းဖြစ်စေခဲ့ရတဲ့အတွက် ဒါတွေဖြစ်ခဲ့ရတာကို ကျွန်တော်တို့ ကျေကျေညက်ညက်သုံးသပ်မိပါတယ်။ ဒါမျိုးတွေထပ်မဖြစ်စေဖို့ လွတ်လပ်တဲ့ နိုင်ငံတစ်ခုနဲ့ လျော်ညီတဲ့ အခိုင်မာဆုံး နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ် ရှိကို ရှိရမယ်လို့လည်း ခံယူထားကြပါတယ်။ ဒါကြောင့်လည်း ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ရက်နေ့မှ ၂၀၀၇ခုနှစ် စက်တင်ဘာလ ၃ရက်နေ့အထိ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ တက်တက်ကြွကြွ ပါဝင်တက်ရောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရေး (၀၁) စည်းကမ်းကျနတဲ့ ဒီမိုကရေစီ ဖော်ဆောင်ရေး ပဏာမ လုပ်ငန်းစဉ်ကြီးမှာ စိတ်ရောကိုယ်ပါ ကြိုးပမ်းခဲ့ကြတာ ဖြစ်ပါတယ်။ **ညီလာခံမှာ အကောင်းဆုံး အခြေခံဥပဒေကြီးဖြစ်အောင် ညီလာခံကိုယ်စားလှယ်အားလုံး ဆွေးနွေးညှိနှိုင်းကြ၊ တစ်ခါတစ်ရံ အချေအတင် ငြင်းခုံဆွေးနွေးကြပြီးမှ ညှိယူ မူချခဲ့ကြတာ ကျွန်တော်တို့ ကိုယ်တွေ့ဖြစ်ပါတယ်။**

မြန်မာ့ လွတ်လပ်မှု၊ မြန်မာ့ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာ့ငြိမ်းချမ်းမှုကို မလိုလားသူတွေ မြန်မာနိုင်ငံကို လက်ခုပ်ထဲထည့်ပြီး သွန်လိုမှောက်လိုတဲ့ ကိုလိုနီဝါဒီတွေကတော့ ဒီလောက်ကောင်းတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရှုတ်ချကန့်ကွက်နေကြမှာပါပဲ။ အဲဒါကြောင့်တော့ ကျွန်တော်တို့ နောက်မဆုတ်နိုင်ပါဘူး၊ ပြန်ပြင်စရာလည်းတစ်ခုမှ မမြင်ပါဘူး။ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အတူ ကိုယ့်နိုင်ငံထာဝရ တည်တံ့နေစေချင်တယ်၊ လွတ်လပ်တဲ့နိုင်ငံအဖြစ် အစဉ်ရှိနေစေချင်တယ်၊ ငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာနဲ့ နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံသားတွေရဲ့လူနေမှု အဆင့်အတန်း မြင့်တက်လာစေချင်တယ်။ ဒါကို မျိုးချစ်စိတ်လို့ ခေါ်ရပါမယ်။

ဒီလို မျိုးချစ်စိတ်ရှိသူတွေရဲ့ အပြည့်အဝထောက်ခံမှုရထားတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးမှာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာ ပုဒ်မ ၅၀လောက်အထိ ပါဝင်ပြီး ယခင်အခြေခံဥပဒေနှစ်ခုမှာတော့ ပုဒ်မ ၂၀ကျော်စီသာပါဝင်ပါတယ်။ ဆိုရှယ်လစ်စနစ်လွှမ်းတဲ့ ၁၉၇၄ခုနှစ် အခြေခံဥပဒေတုန်းကတောင် ကွန်မြူနစ်၊ ဆိုရှယ်လစ် ဆန့်ကျင်တဲ့ အနောက်အရင်းရှင်(နယ်ချဲ့)နိုင်ငံကြီးတွေက မနှောင့်ယှက်ခဲ့ကြပါဘူး။ အခု တကယ့်ကိုစစ်မှန်တဲ့၊ ဒီမိုကရေစီကိုဖော်ဆောင်ကျင့်သုံးတဲ့၊ ကုန်ကုန်ပြောရရင် အမေရိကန် အခြေခံဥပဒေလိုပဲ အချုပ်အခြာအာဏာ သုံးရပ်ကို ပိုင်းခြားကျင့်သုံးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုကျမှ တောင်ပြော မြောက်ပြောပြောပြီး နှောင့်ယှက်နေတာတွေ့ရတော့ မြန်မာနိုင်ငံ ဒို့လက်ထဲရောက်မှ ကျေနပ်မယ်၊ ဒို့ရုပ်သေးအစိုးရတွေ တင်ပေးရမှ ကျေနပ်မယ်ဆိုတဲ့ နယ်ချဲ့လက်သစ်တွေရဲ့ မလိုတမာ အပြောတွေ၊ အဖျက်အမှောင့် လုပ်ရပ်တွေဟာ ပိုပြီးထင်သာမြင်သာ ရှိလာပါတယ်။ ဒါကြောင့် အဲဒီနယ်ချဲ့ရန်ကို သတိဝီရိယနဲ့ စောင့်ကြည့်ရင်း ကျွန်တော်တို့ မြန်မာနိုင်ငံတော်အတွက် မြန်မာတွေ မြန်မာ့စိတ်ရင်းဆန္ဒနဲ့ အညီ ရေးဆွဲခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို ပြည်သူက တစ်ခဲနက် အတည်ပြုပေးသင့်ကြောင်းပါခင်ဗျား။ ။

နွေစပါးစိုက်ခင်းတစ်ဧကကို မျိုးစပါးနို့ဆီဘူးသုံးလုံးဖြင့် စိုက်ပျိုးအောင်မြင် သမားရိုးကျ စိုက်စနစ်ထက် သာလွန်ကောင်းမွန်သဖြင့် စပါးအထွက်ကောင်း ရိက္ခာဖူလုံပြီး နိုင်ငံခြားပို့ကုန်တိုးမြှင့်ဆောင်ရွက်ရန်အတွက် အထောက်အကူပြု

တွေ့ဆုံမေးမြန်းရေးသားသူ – ဝင်းမြင့်(အင်းစိန်)　　**စာမျက်နှာဖွဲ့စည်းမှု – ကြည်ဝင်း**

ရန်ကုန် မတ် ၁၂

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် တဇင်ရေကျော်ကျေးရွာအုပ်စု ကဇန်းကျေးရွာရှိ ဦးမင်း၏ ကဇန်းရေနက်ကွင်းလယ်ယာမြေ နွေစပါးစိုက်ခင်း၌ တစ်ဧကကို မျိုးစပါးနို့ဆီဘူး သုံးလုံးဖြင့် စိုက်ပျိုးအောင်မြင်နေပြီဆိုသည့် သတင်းကိုကြားလျှင်ကြားချင်း သတင်းသမားပီပီ မတ် ၁ရက်က သွားရောက်၍ ဦးမင်း၏သားဖြစ်သူ လယ်ယာလုပ်ငန်းကို ကိုယ်တိုင်လုပ်ကိုင်နေသည့် သွားဘက်ဆိုင်ရာ ဆရာဝန်ဘွဲ့ရ ဒေါက်တာသန်းထွင်အား သွားရောက်တွေ့ဆုံခွင့်ရခဲ့ပါသည်။

ညောင်တုန်းမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်း လုပ်ကိုင်သည့် မြို့နယ်ဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် မိုးစပါး၊ နွေစပါးစိုက်ဧကတိုးချဲ့လာခဲ့ရာ ၂၀၀၆–၂၀၀၇ခုနှစ်တွင် မိုးစပါး ၆၄၄၇၆ ဧကနှင့် နွေစပါး ၃၆၀၀၉ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ စာရေးသူ ရောက်လာချိန်တွင် တစ်ဧကကို မျိုးစပါး နို့ဆီဘူးသုံးလုံးနဲ့စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းကြီး၏ စိုက်ပျိုးအောင်မြင်မှုကို တွေ့လိုက်ရပါသည်။

နွေစပါးစိုက်ခင်းကြီး၏ ပိုင်ရှင်လယ်သမားကြီး ဒေါက်တာသန်းထွင်ကိုတွေ့တော့ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသည့် မြန်မာနိုင်ငံရှိ လယ်သမားများအတွက် နည်းပညာဒါနပြုချင်လွန်းသဖြင့် အောင်မြင်ဖြစ်ထွန်းမှုအတွက် သိလိုသည်များနှင့် နည်းစနစ်ပိုင်းကို မေးမြန်းမိပါသည်။

မေး – ဒီစပါး စိုက်ပျိုးနည်းစနစ် တွေ့ရှိခဲ့ပုံလေးကို သိပါရစေ။

ဖြေ – ကျွန်တော်ဟာ ဒီစပါး စိုက်ပျိုးနည်းကို ဖခင် ဦးမင်း၏ ညောင်တုန်းမြို့နယ် ကဇန်းရေနက်ကွင်း ဧက၅၀၀မှာ စိုက်ပျိုးလုပ်ကိုင်နေစဉ် ၂၀၀၄ခုနှစ် ဩဂုတ် ၃ရက်ထုတ် ကြေးမုံသတင်းစာပါ ဆောင်းပါးရှင် ရွှေတမာ(စိုက်ပျိုးရေး)၏ လယ်သမားကြီးများအတွက် လက်ဆောင်မွန်ဆောင်းပါးပါ System of Rice Intensification (S.R.I) ပျိုးသက်နုစပါး စိုက်ပျိုးနည်းကို ဖတ်ရှုလေ့လာအခြေခံကာ မွမ်းမံထားသော ပျိုးသက်နုစပါး ပင်ပွားစိုက်ပျိုးနည်းကို လွန်ခဲ့သော ၂၀၀၄–၂၀၀၅ခုနှစ် နွေစပါးကပင်စတင်၍ ဖခင်ကြီး ဦးမင်း၏ ကဇန်းရေနက်ကွင်းမှာ လက်တွေ့စိုက်ပျိုးခြင်းဖြင့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ပါတယ်။

မေး – ဒီစပါးစိုက်ပျိုးနည်းရဲ့ အတိုချုပ် အနှစ်သာရကိုလည်း ပြောပြပေးပါဦးခင်ဗျား၊

ဖြေ – မူလအခြေခံကမ္ဘာတစ်ဝန်းက လက်ခံထားတဲ့ S.R.I နည်းစနစ်အရ တစ်ဧကဆိုလျှင် မျိုးစပါးသုံးပြည် အလေးချိန် ၃ဒသမ၉ကီလိုထက်လျော့နည်းစွာ တစ်ဧကမျိုးစပါး နို့ဆီဘူးသုံးလုံး အလေးချိန် ၀ဒသမ၅ကီလိုနဲ့ စိုက်ပျိုးထားသော်လည်း စပါးအထွက်မှာမူ မပြောင်းလဲခြင်း၊ စပါးဧက၊ ရာထောင်ချီစိုက်ပျိုးထုတ်လုပ်သူများအတွက် ရာသီစပါးကို အသုံးပြုခြင်းဖြင့် စိုက်ခင်းစနစ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ခြင်း၊ မျိုးစပါး အနည်းငယ်သာ လိုအပ်သဖြင့် အထွက်တိုးပြီး တန်ဖိုးကြီးသော စပ်မျိုးစပါး (HYBRID) များကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ခြင်း၊ မျိုးစပါးလိုအပ်ချက်အနည်းဆုံးဖြစ်၍ မျိုးသန့်စင်ခြင်း၊ မျိုးစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထိန်းသိမ်းရခြင်းများ လွယ်ကူခြင်း၊ ကောက်ကွက်ကျဲကျဲ စိုက်ခြင်းဖြင့် စပါးပင်များအနေဖြင့် မြေဆီဩဇာ အာဟာရ၊ နေရောင်ခြည်များ ပိုမိုရရှိပြီး လေဝင်လေထွက်နှင့် အမြစ်ပွားစီးမှု၊ အပင်ပွားဖြစ်ထွန်းမှု အထူးကောင်းမွန်ကာ အောင်နှံတစ်နှံပါ စပါးအရည်အသွေးနှင့် အရေအတွက်မှာ သမားရိုးကျ စိုက်စနစ်ထက်သာလွန်ကောင်းမွန်လာသဖြင့် တစ်ဧကစပါးအထွက်နှုန်း အထူးကောင်းမွန်ပြီး အရည်အသွေးပြည့်မီသော စပါးများ ရရှိခြင်း၊ သမားရိုးကျ စိုက်စနစ်တွင် အသုံးပြုသော တစ်ဧက မျိုးစပါး နှစ်တင်း(နို့ဆီဘူး ၂၅၆လုံး)နှင့် နှိုင်းယှဉ်လျှင် ဤစနစ်တွင် မျိုးစပါးနို့ဆီဘူးသုံးလုံးနဲ့သာ အသုံးပြုစိုက်ပျိုးရသဖြင့် မြန်မာနိုင်ငံရှိ စပါးစိုက် ဧက၁၈သန်းအတွက် မျိုးစပါးမှ စပါးတင်းသန်း ၃၅ဒသမ၆၄၊ တစ်ဧကမျိုးစပါး သုံးပြည် (နို့ဆီဘူး ၂၄လုံး)နှင့် နှိုင်းယှဉ်လျှင် ကျွန်တော်ရဲ့ ဖခင် ဦးမင်း၏ မွမ်းမံထားသော ပျိုးသက်နု စပါးပင်ပွားစိုက်ပျိုးနည်းနဲ့ စိုက်ပျိုးလျှင် မျိုးစပါးတင်းသန်း ၂ဒသမ၉၅ကို စားသုံးရန်၊ ဒါမှမဟုတ် နိုင်ငံခြားတင်ပို့ရန် စပါးတစ်ရာသီတွင် ပိုမိုလာခြင်းဖြင့် နိုင်ငံတော်၏ ရိက္ခာဖူလုံရေးနှင့် နိုင်ငံခြားပို့ကုန် တိုးမြှင့်ရေးတို့အတွက် အထောက်အကူပြုခြင်း၊ တစ်ပင်ချင်း နှစ်ကြိမ်စိုက်ရသော်လည်း မျိုးစပါးသက်သာမှု တစ်ဧက အရည်အသွေးမီ စပါးအထွက်နှုန်းကောင်းမွန်မှု၊ ရေနှင့် ဓာတ်မြေဩဇာကို သမားရိုးကျ စိုက်စနစ်များထက် လျော့နည်းစွာ သုံးရသောကြောင့် စီးပွားရေးတွက်ခြေကိုက်ခြင်းစတဲ့အကျိုးကျေးဇူးတွေကို ရရှိနိုင်ပါတယ်ခင်ဗျား။

မေး – ဒေါက်တာ နည်းစနစ်ရဲ့ စိုက်ပျိုးပုံအဆင့်ဆင့်ကိုလည်း သိပါရစေခင်ဗျား။

ဖြေ – ကျွန်တော်ရဲ့ စိုက်ပျိုးနည်းစနစ်မှာ အဆင့်သုံးဆင့်ရှိပါတယ်။ ပထမဆင့်အနေနဲ့ ပျိုးဖျာပြုလုပ်ရပါတယ်။ ဒုတိယဆင့်ကတော့ ပျိုးခင်းပြုလုပ်ရပါတယ်။ တတိယဆင့်ကတော့ စိုက်ခင်းတွေ စိုက်ပျိုးခြင်းဖြစ်ပါတယ်။

မေး – စပါးတစ်ဧကအတွက် ပျိုးဖျာပြုလုပ်ပုံကို သိပါရစေ။

ဖြေ – အပြည်ပြည်ဆိုင်ရာ စပါးသုတေသန (IRRI) က ထောက်ခံထားသော ပျိုးခင်းဖျာစပါးပျိုးထောင်နည်းနဲ့ ပျိုးထောင်၍ ရသကဲ့သို့ ပိုမိုလွယ်ကူပြီး တောင်သူလယ်သမားအများစု လုပ်ကိုင်နိုင်မယ့်နည်းလမ်းကတော့ ပျိုးထောင်မယ့်နေရာကို သာမန်စပါး စိုက်ပျိုးနည်းအတိုင်း တမန်းညက်အောင် မြေပြင်၊ နွားချေး၊ မြေဆွေး၊ သဘာဝမြေဩဇာများကို မြေခံထည့်ပေးပါ၊ ဒီတမန်းမြေမှာ ပလတ်စတစ်ခြင်ဆန်ခါ ၂ပေခွဲ x ၃ပေကိုတင်၍ လက်ဖြင့် တမန်းမြေမှာ လက်မဝက်ခန့် မြုပ်သွားအောင် လိုက်ဖိပေးပါ၊ လယ်သမား ပျိုးဖောက်နည်းစနစ်အတိုင်း မျိုးဖောက်ထားသော စပါးစပ်ဖြူစပါးမျိုးစေ့များကို တမန်းမြေတင်ထားသော ပလတ်စတစ်ခြင်ဆန်ခါပေါ် အနေတော်ချပြီး တမန်းမြေနဲ့ဖုံးအုပ်ပါ၊ စပါးမျိုးစေ့များ တမန်းမြေမှာ အမြစ်မတွယ်မီအထိ အနီးအနားတစ်ဝိုက်မှ ရေလောင်းပေး၍ စပါးမျိုးစေ့များကို ရေစိမ့်ဝင်ရောက်မှုရှိအောင်ပြုလုပ်ပေးပါ။ လေးရက်ဝန်းကျင်ခန့်မှာ စပါးပင်ပေါက်ကလေးများ စိမ်းလန်းစွာ ထွက်ရှိလာပြီး အမြစ်တွယ်ချိန်မှစ၍ ရေဖျန်းကရားဖြင့် တိုက်ရိုက်ရေလောင်းပေးပါခင်ဗျား။ ဒါကတော့ ပျိုးဖျာပြုလုပ်ပုံပါ။

မေး – ပျိုးခင်းပြုလုပ်ပုံကိုလည်း ပြောပြပေးပါဦးခင်ဗျား။

ဖြေ – ပျိုးခင်းပြုလုပ်မယ့် လယ်ကွက်ကို သမားရိုးကျပျိုးခင်းပြုလုပ်သည့်အတိုင်း နွားချေး၊ မြေဆွေး၊ သဘာဝမြေဩဇာများသုံး၍ တမန်းညက်အောင် မြေပြင်ပါ၊ မြေညီအောင် ညှိပေးပါ၊ ပျိုးဖျာမှ ပျိုးပင်များကို ပျိုးသက် ၁၀ရက်ခန့်မှာ ပျိုးဖျာပလတ်စတစ် ခြင်ဆန်ခါကို အစနှစ်ဖက်မှ လူတစ်ဦးစီက ပလတ်စတစ် ခြင်ဆန်ခါကို ဆွဲမပြီး ရေတွင်လှုပ်ဆေးခြင်းဖြင့် ပျိုးပင်များကို တစ်ပင်ချင်းသပ်သပ်ရပ်ရပ် ပျိုးဖျာမှ နုတ်ယူပါ၊ အဲဒီနောက် နာရီဝက်အတွင်း ပျိုးခင်းတမန်းမြေတွင် (၉ x ၉)လက်မ ကောက်ကွက်အကွာအဝေးဖြင့် လက်ဆကောက်ကွက်တစ်ကွက်လျှင် တစ်ပင်နှုန်းနဲ့ ပျိုးပင်အနက် လက်မဝက်ခန့်ဖြင့် စိုက်ပါ။ သုံးရက်ခန့် ကောက်ပင်လှန်ပြီးချိန်မှစတင်၍ တမန်းမြေအစိုအခြောက်ကြည့်ပြီး တစ်ပတ်တစ်ကြိမ်ခန့် ရေသွင်းခြင်း၊ အခြောက်ထားခြင်းဖြင့် ၂၁ရက်မှ ၃၀ရက်အတွင်းခန့်မှာ ပျိုးပင်တစ်ပင်မှ အပင်၂၀၊ ၃၀ပင်ပွားရရှိပါမယ်၊ ကြားပေါင်းလိုက်ခြင်းကို ပျိုးပင်အသက်၁၄ရက်သားမှစတင်၍ အခါအားလျော်စွာ လိုက်ပေးပါ၊ ပျိုးပင် ၁၄ရက်သားခန့်မှာ ယူရီးယားဓာတ်မြေဩဇာကို တစ်ဧက ၁၀ကီလိုနှင့် နွားချေးငါးတင်း ရောစပ်ပြီး ပက်ဖျန်းပေးပါခင်ဗျား။

မေး – စိုက်ခင်းတွင် စိုက်ပျိုးပုံကိုလည်း သိပါရစေ။

ဖြေ – စိုက်ပျိုးမယ့် လယ်ကွက်ကို သာမန်စပါးစိုက်ပျိုးနည်းအတိုင်း နွားချေး၊ သဘာဝဓာတ်မြေဩဇာများရောစပ်၍ တမန်းညက်အောင် မြေပြင်ပါ၊ ပျိုးခင်းမှ ၂၁ရက်မှ ၃၀ရက်သားအတွင်း ပျိုးတစ်ပင်မှ ဖြစ်ပေါ်လာသော အပင်၂၀၊၃၀ပင်ပွားများကို နုတ်ပြီးလျှင် ချက်ချင်းတမန်းပြင်ထားသော စိုက်ခင်းမှာ(၉ x ၉)လက်မကောက်ကွက် အကွာအဝေးဖြင့် လက်ဆကောက်ကွက်တစ်ကွက်လျှင် နှစ်ပင်နှုန်းနဲ့ ပျိုးပင်အနက် လက်မဝက်ခန့်စိုက်ပါ၊ သုံးရက်မှ ငါးရက်ခန့်တွင် ကောက်ပင်လှန်ပြီးချိန်မှ စတင်၍ တမန်းမြေအစိုအခြောက်ကြည့်၍ ရေသွင်းခြင်း၊ အခြောက်ထားခြင်းဖြင့် တစ်လမှတစ်လခွဲခန့်တွင် ကောက်ကွက်တစ်ကွက်လျှင် နှစ်ပင်နှုန်း စိုက်ခဲ့သောစပါးမှာ အပင် ၂၀မှ၃၀ခန့်ပင်ပွားများ ရရှိပါမည်၊ ကြားပေါင်းလိုက်ခြင်းကို ကောက်ပင်လှန်၍ စပါးပင်များ အမြစ်တွဲချိန်မှ စတင်၍ အခါအားလျော်စွာ ပြုလုပ်ပေးပါ၊ မြေဩဇာကျွေးခြင်းနှင့် ပိုးမွှားရောဂါကျရောက်မှုကို သာမန်စပါးစိုက်နည်းသကဲ့သို့ ပြုစုကာကွယ်ပါခင်ဗျား။

စပါးအထွက်နှုန်းအနေနဲ့ကတော့ ကျွန်တော့်စနစ်နဲ့ ၂၀၀၆–၂၀၀၇ခုနှစ်မှာ ညောင်တုန်းမြို့နယ် ဦးမင်းရေနက်ကွင်း၌ မော်ဘီဆန်းနွေစပါးဆန်တစ်ဧကကို ၁၃၅တင်း ထွက်ရှိခဲ့ပါတယ်။ မျိုးစပါးနို့ဆီဘူးတစ်လုံးမှာ စပါးစေ့ ၆၀၀၀မှ၈၀၀၀ခန့်ပါပါတယ်၊ ပျိုးခင်းအဆင့်မှာ နို့ဆီဗူးတစ်လုံးရှိစပါးစေ့မှပင်ပွား ၁၂၀၀၀၀မှ ၁၆၀၀၀၀ခန့် ရရှိပါတယ်၊ စိုက်ခင်းမှာ (၉ x ၉) လက်မ ကောက်ကွက်နဲ့ စိုက်ရင် ၇၇၄၄၀ ကောက်ကွက်ဝင်၍ လက်ဆနှစ်ပင်နှုန်းဖြင့် ၁၅၄၈၈၀ ပင်ပွားပျိုးခင်းမှရလျှင် လုံလောက်ပါသဖြင့် တစ်ဧကနို့ဆီဘူးသုံးလုံးနှုန်းဆိုတာကလည်း ပျိုးပင်ဘဝဆုံးရှုံးမှုကိုပါ ကာမိသော လုံလောက်တဲ့ မျိုးစပါးအရေအတွက် ဖြစ်ပါတယ်။

ဦးမင်းရဲ့ မွမ်းမံထားသော ပျိုးသက်နုစပါးပင်ပွား စိုက်ပျိုးနည်းကို လယ်သမားများအနေနဲ့ လက်တွေ့အကောင်အထည်ဖော်ကြည့်မယ် ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စပါးစိုက်ပျိုးရေးနည်းလမ်းတစ်ခု တစ်ခေတ်ဆန်းလာမည်ဖြစ်ပြီး လယ်သမားတစ်ဦးချင်း၏ ဝင်ငွေမြင့်မား၍ နိုင်ငံတော်အတွက်လည်း ရိက္ခာဖူလုံလာကာ နိုင်ငံခြားပို့ကုန် တိုးမြှင့်ရေးအတွက်လည်း အထောက်အကူပြုပါလိမ့်မယ်ခင်ဗျား၊ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ။

(မြန်မာ့အလင်း)

ဦးမင်းရဲ့ မွမ်းမံထားသော ပျိုးသက်နု စပါး ပင်ပွား စိုက်ပျိုးနည်းကို လယ်သမားများ အနေနဲ့ လက်တွေ့ အကောင်အထည် ဖော်ကြည့်မယ်ဆိုရင် ကျွန်တော် တို့ မြန်မာနိုင်ငံရဲ့ စပါးစိုက်ပျိုး ရေးနည်းလမ်း တစ်ခု တစ်ခေတ် ဆန်းလာမည်။



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်း ဘက်စုံ ပြုပြင်မွမ်းမံလျက်ရှိသော ဆွမ်းချက် မီးဖိုချောင်အတွက် ကျေးဇူးရှင်မိဘများအား ဦးထိပ်ထားရည်စူး၍ မိုးညှင်းဝိပဿနာတိုက်သစ်ကျောင်း အကျိုးတော်ဆောင် မိုးညှင်းယောဂီ၊ သာသနာ့မိခင် မယ်တော်ကြီး ဒေါ်သန်းသန်းညွန့် (ရွှေကျီး)က ပထမအကြိမ်အလှူငွေကျပ်ငါးသိန်းကို နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (၁၇၀)

ဗိုလ်တထောင်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် မတ် ၁၂

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်ဗိုလ်တထောင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ စာပေချစ်သူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားနှင့် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းပြုလုပ်ခြင်း အခမ်းအနားကို မတ် ၉ ရက် နံနက်ပိုင်းက စာပေချစ်သူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကျင်းပသည်။

လက်ခံ

ထို့နောက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ရန်ကုန်တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်၊ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမော်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးတာဝန်ခံ ဒေါ်ဖြူဖြူညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရန်ကုန် အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစိုးညွန့်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြောကြားသည်။ ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့က စာပေချစ်သူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းရာ အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်က လက်ခံယူသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်ကော်နှင့် ဒီမော့ဆိုမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၈ ရက် နံနက်ပိုင်းက လှိုင်ကော်မြို့နယ် မင်းကျောင်း ပရိယတ္တိစာသင်တိုက်ရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ တည်ဆောက်လျက်ရှိသော လောကချမ်းသာ ရွှေစည်းခုံစေတီအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး စေတီတော်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် လှိုင်ကော်မြို့နယ် နည်းပညာတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် လှိုင်ကော်မြို့နယ် လောမ္မရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင် ဆောက်လုပ်ရန် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဗဟို အလုပ်အမှုဆောင် ဝန်ကြီးသည် လှိုင်ကော်မြို့နယ် လင်ဖုံလေးကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစက္ကအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် ဆေးပေးခန်းတို့အတွက် အလှူငွေများပေးအပ်လှူဒါန်းပြီး ကျေးရွာသူကျေးရွာသားများအား တွေ့ဆုံအမှာစကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မတ် ၉ ရက် နံနက်ပိုင်းက ဒီမော့ဆိုမြို့နယ် ယူဆမိုဆိုရွာ ဆောင်ဒူလာကျေးလက် ကျန်းမာရေးဌာန ဆေးပေးခန်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ဒီမော့ဆိုမြို့နယ်၏ ဒေါင်ငံခါး (၂)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၊ မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲသို့တက်ရောက်အမှာစကား ပြောကြားပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ဆက်လက်၍ဝန်ကြီးသည်အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဒီမော့ဆိုမြို့နယ် ဆီးလီဒုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဒီမော့ဆိုမြို့နယ် ကပွယ်ခူကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းဆောင်တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တနန္ဒိယအား ဖူးမြော်ကြည်ညိုကာ သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ကျောင်းဆောင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ကျေးရွာသူကျေးရွာသားများအား တွေ့ဆုံ အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ဖူးမြော်ကြည်ညို

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒီမော့ဆိုမြို့နယ် ဝိသဲကူးရွာ ဘုန်းတော်ကြီးကျောင်း တည်ဆောက်နေမှုကို ကြည့်ရှုပြီး ကျောင်းထိုင် ဘုန်းကြီး တောင်တန်းသာသနာပြု ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သူရိယအား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ကျေးရွာသူကျေးရွာသားများအား တွေ့ဆုံ အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်ဝန်ထမ်းအယောင်ဆောင်သူအား အရေးယူ

ရန်ကုန် မတ် ၁၂

ချမ်းအေးသာစံမြို့နယ်အတွင်း လျှပ်စစ်ဝန်ထမ်းအယောင်ဆောင်ကာ ငွေလိုက်လံတောင်းခံနေကြောင်း သတင်းရသဖြင့် မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဇော်မင်းထွေးနှင့် အဖွဲ့က လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ၅၇×၅၈ လမ်းကြား၊ ၃၂×၃၃လမ်းကြား ရွှေယဉ်မွန်ရပ်ကန်ကောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ်နေ မျိုးမျိုးအောင် (၃၈)နှစ် (ဘ) ဦးတင်မောင်သည် လျှပ်စစ်ဝန်ထမ်း အယောင်ဆောင်၍ ချမ်းအေးသာစံမြို့နယ်၂၇လမ်း ၈၂×၈၃ လမ်းကြား အိမ်အမှတ် (၂၂၅) နေ မခင်မာနွယ်ထံမှ ငွေကျပ်နှစ်သောင်းကို လည်းကောင်း၊ ၂၇လမ်း ၇၉ ×၈၀ လမ်းကြား အိမ်အမှတ် (၁/၃၈) နေ ဦးဝင်းထံမှ ငွေကျပ်နှစ်သောင်းငါးထောင်ကို လည်းကောင်း တောင်းခံပြီး လျှပ်စစ်မီးရရှိရန်အတွက် လျှပ်စစ်မီးကြိုးများ သွယ်တန်းပေးမည်ဟု ပြောဆို၍ လိမ်လည်ငွေတောင်းခံနေစဉ် ဖမ်းဆီးရမိခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ အမှတ်(၈) ရဲစခန်းက မျိုးမျိုးအောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၀ အရ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွေးကင်းစ ကလေးအလောင်း တွေ့ရှိ

ရန်ကုန် မတ် ၁၂

မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဦးအောင်ဘွင့်လမ်းတွင် မတ် ၁၀ ရက် နံနက် ၇နာရီ ၁၅မိနစ်က မွေးကင်းစ ယောကျာ်းကလေး အလောင်းတစ်လောင်းအား ရပ်ကွက်နေ ပြည်သူများက တွေ့ရှိသဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ရာ ဘုရင့်နောင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါကလေးအလောင်းအား မြောက်ဥက္ကလာပ ဆေးရုံကြီးသို့ ပို့ဆောင်ပြီး ဆေးရုံမှ ပီအာ–၃၂ ဖြင့် လက်ခံထားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘုရင့်နောင်ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၁၈ အရ အမှုဖွင့်ပြီး စုံစမ်းလျက်ရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မှုခင်းသတင်းများ

အင်ဂျင်ရှော့ခ်ဖြစ်၍ ကားမီးလောင်

ရန်ကုန် မတ် ၁၂

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး အနောက်ပိုင်းရပ်ကွက် မြန်မာ့ဂုဏ်ရည်လမ်း အမှတ်၁၅၆နေ စိုးမင်း(၄၆)နှစ် (ဘ)ဦးယာနစ်သည် မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီ၁၅မိနစ်ခန့်က သိမ်ဖြူလမ်းအတိုင်း မြောက်မှ တောင်သို့ ဘီအမ်ဒဗလျူအမျိုးအစား အနီရောင်ကိုယ်ပိုင်ယာဉ် အမှတ် သ/၁၀၉၈ အား မောင်းနှင်လာစဉ် စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်ရှေ့ အရောက်၌ ကားအင်ဂျင်မှ ရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။ ကားမီးလောင်ရာသို့ မင်္ဂလာတောင်ညွန့်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ၁ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။ ကားမီးလောင်မှုနှင့်ပတ်သက်၍ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်းမှ စိုးမင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ဖြင့် အမှုဖွင့် အရေးယူထားသည်။ **(သတင်းစဉ်)**

ကုန်တင်ယာဉ်တစ်စီး တောင်အတက် တိမ်းမှောက်

ရန်ကုန် မတ် ၁၂

နေပြည်တော်လယ်ဝေး သစ်ပုတ်ပင်–လယ်ဝေးလမ်းပေါ် သစ်ပုတ်ပင်ကျေးရွာမှအထွက် ဇေဒါအင်း တောင်အတက်လမ်းတွင် မတ် ၉ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က နေပြည်တော်လယ်ဝေးနေသူ ဦးမြင့်သိန်း (၆၁) နှစ် (ဘ) ဦးစံဦး မောင်းနှင်သော ဟီးနိုး ကုန်တင်ယာဉ်အမှတ် ၁က/၅၅၈၇ သည် တောင်တက်စဉ် ဂီယာဆက်ပြုတ်၍ နောက်ပြန်လိမ့်ကျကာ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် လမ်းကြုံလိုက်ပါလာသည့် ပင်ငါးမြောင်ကျေးရွာနေပြည်တော်လယ်ဝေးနေသူ ဒေါ်သန်းမြအသက်(၄၀) (ဘ) ဦးထွန်းလွင်မှာ ဦးခေါင်းပေါက်ပြဲ ပွန်းပဲ့ဒဏ်ရာဖြင့် သေဆုံးသွားပြီး ကျန်ခရီးသည် လေးဦးမှာ ဒဏ်ရာရရှိခဲ့သဖြင့် နေပြည်တော်ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူနေရသည်။ ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း မြင့်သိန်းအပေါ် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇/၃၃၈/၃၀၄–က အရ အမှုဖွင့် အရေးယူထားသည်။ (သတင်းစဉ်)

မိဘများဖြစ်သော ဦးလှကြည်– ဒေါ်နှင်းညွန့် (ဂုဏ်ပိုးထည်တိုက်)အား အမှူးထား၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ဦးမောင်မောင် @ Henrykyi (Furusato) – Fujiko Kyi (Fujiko Beauty Centre) သားသမီးများဖြစ်ကြသော ဒေါက်တာမြင့်ဦး– Yukiko Kyi မိသားစုတို့က သဃ်္ဃန်းကျွန်းစံပြဆေးရုံသို့ ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ အောက်ဆီဂျင်စက်တစ်လုံး၊ ပြင်ဦးလွင် ပြည်သူ့ဆေးရုံသို့ ငွေကျပ်ရှစ်သိန်းနှစ်သောင်းတန်ဖိုးရှိ အောက်ဆီဂျင်စက်တစ်လုံးကို သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများထံ လှူဒါန်းစဉ်။ (က–ပ)

မီလပ်(စ)အလှကုန်လုပ်ငန်းနှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

ကျွန်တော်၏ မိတ်ဆွေများဖြစ်ကြသော ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ ၆လမ်း၊ အမှတ် ၅၉ (ပ)ထပ်နေ ဦးအောင်သန်း၊ H/RGN–၀၀၂၅၃၆နှင့် လမ်းသစ်လမ်း၊ အမှတ် ၈၀၊ မြေညီထပ်နေ ဦးသိန်းနိုင် ၁၂/လမတ(နိုင်)၀၂၃၆၂၃ တို့၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မီလပ်(စ) အလှကုန်များကို လုပ်ငန်းပိုင်သူ ကျေးဇူးရှင် ဖခင်ကြီး ဦးစံရင် ဦးစီးဦးဆောင်ပြု၍ ၁၉၇၉ ခုနှစ် စတင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့စဉ်ကတည်းကပင် ဦးစံရင်၏ သားအရင်းများဖြစ်ကြသည့် ကျွန်တော်၏မိတ်ဆွေညီအစ်ကိုနှစ်ဦးက ဖခင်ကြီးနှင့်အတူ လုပ်ဆောင်ခဲ့ကြပြီးနောက်ပိုင်းတွင် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်း၊ ဖော်စပ်ထုတ်လုပ်ခြင်း၊ ဈေးကွက်များရှာ၍ ဖြန့်ဖြူးရောင်းချခြင်းများကို ကျွန်တော်၏မိတ်ဆွေများကပင် အဓိကဆောင်ရွက်ခဲ့ကြသည်ကို မိသားစုနှင့် လည်းကောင်း၊ လုပ်ငန်းနှင့်လည်းကောင်း ပတ်သက်သူအားလုံးက သိရှိကြပြီးဖြစ်ပါသည်။

ဖခင်ကြီး ဦးစံရင် ကွယ်လွန်သည့် (၁၄–၁၂–၂၀၀၇)ရက် ညနေတွင် ကျွန်တော်၏မိတ်ဆွေများဖြစ်သော ဦးအောင်သန်း၊ ဦးသိန်းနိုင် အပါအဝင် မီလပ်(စ) အလှကုန်လုပ်ငန်းနှင့် သက်ဆိုင်သူအားလုံးနှင့် တိုင်ပင်ခြင်းမပြုဘဲ ဒေါ်ရှုကျင်နှင့် ဦးအောင်ကြည်တို့သည် လက်ရှိဆောင်ရွက်နေဆဲဖြစ်သော လုပ်ငန်းအလုပ်ရုံအား သော့ခတ်ပြီး လုပ်ငန်းပါ ရပ်ဆိုင်းခဲ့သည့်အတွက် ယနေ့အထိ ဆုံးရှုံးမှုများဖြစ်ခဲ့ရမှုအား သော့ခတ်၍ လုပ်ငန်းရပ်ဆိုင်းသူများ၏ တာဝန်သာဖြစ်ပါမည်။

ဖခင်ကြီး ဦးစံရင် ကွယ်လွန်ပြီးနောက် ကျန်ရစ်သူ သားသမီးများအကြား မီလပ်(စ)အလှကုန်လုပ်ငန်းအပါအဝင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား ဥပဒေနှင့်အညီ စီမံဆောင်ရွက်ရခြင်းမရှိသေးမီ ၁၀–၃–၂၀၀၈ ရက်နေ့စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ ၌ ကျွန်တော့်မိတ်ဆွေများ၏ မောင်နှမ ခြောက်ဦးဖြစ်ကြသည့် ဦးမြင့်အောင်၊ ဒေါ်ရှုကျင်၊ ဦးအောင်ကြည်၊ ဒေါ်စိန်စိန်၊ ဒေါ်မြမြသန်း၊ ဒေါ်တင်တင်အေးတို့က မီလပ်(စ) အလှကုန်ထုတ်လုပ်ရေးလုပ်ငန်းကို ယင်းတို့နှင့်သာ သက်ဆိုင်သယောင် ဖော်ပြကြေညာခဲ့ကြောင်း ပါရှိခဲ့ပါသည်။

မီလပ်(စ) အလှကုန်ပစ္စည်းများ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသော လုပ်ငန်းသည် ဦးမြင့်အောင်ပါ ခြောက်ဦးသာလျှင် ဆက်ခံပိုင်ခွင့်ရှိသော လုပ်ငန်းမဟုတ်ဘဲ ကျွန်တော်၏မိတ်ဆွေများဖြစ်ကြသည့် ဦးအောင်သန်း၊ ဦးသိန်းနိုင် အပါအဝင် ဖခင်ကြီး ဦးစံရင်၏ ကျန်အမွေဆိုင် သားသမီးများပါ သက်ဆိုင်သော လုပ်ငန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့အပြင် အလှကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် ငွေသားအချို့သိမ်းဆည်းထားသော အာမခံသေတ္တာတို့မှာ အမှတ် ၅၉၊ မြေညီထပ်၊ ၆လမ်း၊ လမ်းမတော်မြို့နယ် တိုက်ခန်းဥပစာတွင် ရှိနေဆဲဖြစ်သောကြောင့် အဆိုပါပစ္စည်းများ လျော့နည်းပျောက်ဆုံးပါက တိုက်ခန်းဥပစာအတွင်း ဝင်ထွက်သွားလာသူများ၏ တာဝန်သာဖြစ်ကြောင်း သက်ဆိုင်သူများ သိစေအပ်ပါသည်။

ဦးခင်စိုး
တရားရုံးချုပ်ရှေ့နေ(စဥ်–၅၀၉၇)
အခန်း ၁၆(ခ)၊ပထမထပ်
အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။





သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်လှဟန် ၁၂/မလမ(နိုင်)၁၅၃၇၆၄သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် ၁၇–၁–၂၀၀၈ ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။** **ဦးကျော်ဝင်း–ဒေါ်ဘောဘီဇံ။**

စာအုပ်စာပေ လူ့မိတ်ဆွေ

မီးကြွင်းမီးကျန်မရှိရန် ကျင့်ကြံသတိ အမြဲရှိ။

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် မန္တလေးမြို့ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့က မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပသည့် စာစစ်ဌာနများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ညွှန်ကြားရေးမှူးချုပ်သည် မတ် ၁၀ ရက်က အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၅) အခြေခံပညာ အလယ်တန်းကျောင်း၊ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ စာစစ်ဌာနများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းစီမံ

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် မတ် ၁၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းများရှိ တက္ကသိုလ်ဝင် စာမေးပွဲစာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဖြေဆိုနေမှုများ၊ စာစစ်ဌာနများ၏ မီးဘေးလုံခြုံရေး စီမံဆောင်ရွက်ထားမှုအခြေအနေ၊ သန့်ရှင်းရေးနှင့် စာမေးပွဲမေးခွန်း ဖြန့်ဝေပုံနည်းစနစ်တို့ကို ကြည့်ရှုစစ်ဆေးပြီး အဖြေလွှာများ ပြည့်စုံလုံလောက်မှုရှိရေး၊ စာမေးပွဲကာလအတွင်း စနစ်တကျ တာဝန်ချထားရေးတို့ကို မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်း စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟန်း ရေတာရှည်၌ စာကြည့်တိုက်ဖွင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် မတ် ၁၂

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ မတ် ၁၂ ရက် နံနက် ၁၀ နာရီက ရေတာရှည်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်အတူ စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ရေတာရှည်ရပ်ကွက် ဥက္ကဋ္ဌ ဦးကျော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ဝဲပုံ)

ဟောပြော

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာဖတ်ဝိုင်းပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် စာဖတ်ရှိန် မြင့်တင်ရေးတို့ကို ဟောပြောသည်။ ဆက်လက်၍ စာဖတ်ဝိုင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အောင်မင်္ဂလာမြေဇင်းတောရ ရိပ်သာတရားစခန်း

ရန်ကုန် မတ် ၁၂

အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ဩဝါဒအရ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာ အောင်မင်္ဂလာမြေဇင်းတောရ ရိပ်သာ၌ ဒုတိယအကြိမ် မတ် ၂၁ ရက်မှ မေ ၁၉ ရက်အထိ ရက်ပေါင်း ၆၀ (နှစ်လ) မောင်းထောင်မြေဇင်းတောရ ကိန္ဒီ ဥပနိဿယအတိုင်း သမထဝိပဿနာတရားများကို တပည့် အရှင်သောပါက (သာသနဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက)က ဟောကြားပြသမည် ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် မတ် ၁၈ ရက်နောက်ဆုံးထား၍ ဆရာတော် အရှင်သောပါက ဖုန်း–၀၉–၅၁–၂၉၅၂၉၊ ဦးဖေသိန်း ဖုန်း–၀၉–၅၀–၁၄၇၈၉၊ ဦးချစ်ရှိန် ဖုန်း–၀၉–၅၁–၇၄၀၂၇၊ ဆရာဦးသန်းဝင်း (ညောင်ဦး) ဖုန်း–၆၆၁၁၄၈၊ ၇၂၀၄၅၄ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပြီး မတ် ၂၁ ရက်တွင် ရိပ်သာဖွင့်ပွဲ ပြုလုပ်မည်ဖြစ်ရာ မြေဇင်းတောရ ဆရာတော်ကြီး၏တပည့် ယောဂီဟောင်းများ လာရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က–ပ)

အထက(၆) ဗိုလ်တထောင် (ယခင်စိန်ပေါလ်)ကျောင်း (၁၉၆၅–၁၉၈၀) မြတ်ဆရာများနှင့် (၁၉၈၁–၂၀၀၇)အထိ သက်ပြည့် အငြိမ်းစား ဆရာ ဆရာမများအား ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂ ရက်က အဆိုပါကျောင်း၌ ကျင်းပစဉ်။ (က–ပ)

မတ် ၆ ရက်က ကျောက်တန်းမြို့ မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရန်အတွက် မီးငြိမ်းသတ် ဓာတ်တိုက်လေ့ကျင့်ခြင်းကို မီးသတ်ဦးစီးဌာနမှူး ဦးဉာဏ်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ ပူးပေါင်းဆောင်ရွက်ရာ ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် ဒု–ဦးစီးမှူး(အခွန်) ဒေါ်မြင့်အေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းအတွက် အီးစီဂျီစက်လှူဒါန်း

တောင်ကြီး မတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မေတ္တာရှင်ကုသိုလ်ဖြစ် အခမဲ့ ဆေးခန်းတွင် အသုံးပြုနိုင်ရန် ၁၆ သိန်း တစ်သောင်းတန်ဖိုးရှိ အီးစီဂျီစက် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၉ရက် နံနက်၈နာရီက တောင်ကြီးမြို့ ချမ်းမြသာစည်ရပ် နဂါးပွက်ကျောင်းတိုက်ရှိ မေတ္တာရှင်ဆေးခန်း၌ ကျင်းပသည်။ အခမ်းအနားတွင် နာယကဆရာတော် ဦးတေဇဝန္တက အနုမောဒနာတရား ချီးမြှင့်ပြီး ဦးအောင်ဆန်းဝင်း ဦးဆောင်သော ကုန်သည်ကြီး ၁၆ ဦးမှ အဆိုပါ အီးစီဂျီစက်ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် နာယက ဦးအောင်သိန်းတို့က လက်ခံယူကြသည်။ **(အပေါ်ပုံ)**

အခမဲ့ဆေးဝါးကုသ

မေတ္တာရှင်ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ၁၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လူနာပေါင်း ၁၉၂၈၇ ဦးကို အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။ **(က–ပ)**

ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးဆွေးနွေး

သံတောင်ကြီး မတ် ၂

သံတောင်ကြီးမြို့နယ်ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးခြင်း လုပ်ငန်း အသိပေး ဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက သံတောင်ကြီးမြို့နယ် သံတောင်မြို့ ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောခူးရီက အဖွင့်အမှာစကား ပြောကြားပြီး **(ဝဲအောက်ပုံ)**၊ ဒေါက်တာမိုးသူကျော်က ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးခြင်း လုပ်ငန်း စီမံချက်အကြောင်းကို ရှင်းလင်း ပြောကြားခဲ့သည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘောဂလိမြို့နှင့် လိပ်သိုမြို့မှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)

ရန်ကုန်တိုင်းတရားရုံး

တွဲဖက်တိုင်းတရားသူကြီး(၅)ရုံးတော်၌

၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၃၆၆

မြန်မာယူနီဗာဆယ်ဘဏ်လီမိတက်(ရုံးချုပ်) (၎င်း၏ကိုယ်စား၊ လက်ထောက်မန်နေဂျာ ဒေါ်စန်းစန်းဌေး)

တရားနိုင်

နှင့်

၁။ ဦးအားဆန်
၂။ ဒေါ်နာဖတ်
အမှတ်(၃၃)၊ ကျိုက်ဝိုင်းဘုရားလမ်း (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

တရားရှုံးများ

ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားရုံးအမှတ်(၅)ရုံး၌ ၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ် ၇၄၀တွင် ၂၃–၈–၂၀၀၇ရက်စွဲပါ အပေါင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန် ဒီကရီကျငွေကျပ် ၁၇၄၁၂၉၁၇၄ဝ/၀၆ါးအတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၀၈ခုနှစ် ဧပြီ ၇ရက်(၁၃၆၉ခုနှစ် နှောင်းတန်ခူးလဆန်း ၂ရက်) နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်စာဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ကလော့သော့ကျေးရွာ၊ ကွင်းအမှတ်(၅၈/၅၉/၆၀က/၆၁က)၊ ဦးပိုင်အမှတ် (၁၃+၃+၄+၁၂+၆+၁၄+၁+၂+၃+၄+၅+၇+၈+၉+၂၀+၁၂+၉+၁၀+၁၁)၏ မြေစာရင်းပုံစံ(၁၀၆) ဧက(၅၀၀)။

၂။ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ကလော့သော့ကျေးရွာ၊ ကွင်းအမှတ်(၅၇က၊ ၅၇ခ၊ ၅၈၊ ၅၉)၊ ဦးပိုင်အမှတ် (၅+၉+၁၄+၈+၁၅)၏ မြေစာရင်းပုံစံ(၁၀၆) ဧက(၁၀၀၂)။

လေလံကြမ်းခင်းဈေး ကျပ်သိန်း၂၀၀၀။

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင်လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံတင်ရောင်းချခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၉ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြုလျက် ရောင်းချသူ အရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၆။ လေလံဆွဲဝယ်ယူပြီးကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေ ပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးချေရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကိုလည်း ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၈ခုနှစ် မတ်၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်သင်းဝေ
တွဲဖက်တိုင်းတရားသူကြီး(၅)
ရန်ကုန်တိုင်းတရားရုံး။

အမည်ပြောင်း

အဖဦးစိုးမြင့်၏သမီး တောင်ငူမြို့ (၂)ရပ်ကွက် တေဇာခင်ဦး (၅)လမ်းနေ မရွှေဝါဦးအား မရွှေဝါတင့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မရွှေဝါတင့်(တောင်ငူ)။

ဖခင်အမည်မှန်

တောင်ငူမြို့ အထက(၁) နဝမတန်း (C)မှ မပိုးသဇင်နှင့် အဋ္ဌမတန်း (C)မှ မပိုးသန္တာကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းညို ဖြစ်ပါသည်။

ဦးဝင်းညို(တောင်ငူ)။

အမည်ပြောင်း

အဖဦးဝင်းညို၏သမီး တောင်ငူ အထက(၁) အဋ္ဌမတန်း(C)မှ မအေးသန္တာကျော်အား မပိုးသန္တာကျော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မပိုးသန္တာကျော်(တောင်ငူ)။

မွေးသက္ကရာဇ်အမှန်

အဖ ဦးခင်မောင်စိန်၏သား မြစ်ကြီးနားမြို့ အလက(၃) အဋ္ဌမတန်း (ခ)မှ မောင်အောင်သန်းစိန်၏ မွေးသက္ကရာဇ် အမှန်မှာ (၁၁–၉–၁၉၉၄) ဖြစ်ပါသည်။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့နယ် ဇီးဒိုင်းကျေးရွာနေ သမီးဖြစ်သူ မနှင်းသဇင်ဦး (ခ) မချစ်သည် ခွင့်မလွှတ်နိုင်သည့် ကိစ္စမျိုးပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

(၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါ)။

မိဘ–ဦးနိုင်ဦး–ဒေါ်ဝင်းဝင်းစိန် (ဇီးဒိုင်းရွာ)။

မိခင်/ ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးပညာပေး အုတ်တွင်း၌ဟောပြော

အုတ်တွင်း မတ် ၅

ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် အထူးကုဆရာဝန်ကြီးများ နယ်လှည့်ဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၈ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ် ညောင်ချေထောက် ကျေးရွာအုပ်စု ညောင်ချေထောက် တိုက်နယ်ဆေးရုံတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းအောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာ သင်းသင်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းငွေ ကျပ်တစ်သိန်းအား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေက ပေးအပ်ရာ တိုက်နယ်ဆေးရုံ ဆရာဝန် ဒေါက်တာ ဆန်းထွန်းက လက်ခံပြီး **(အောက်ပုံ)** တောင်ငူအထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများက ကျန်းမာရေးနှင့်ပတ်သက်၍ ပညာပေး ဟောပြောကြသည်။

ဆေးဝါးကုသပေး

ထို့နောက် တိုက်နယ်ဆေးရုံ ဝန်းကျင် ကျေးရွာအုပ်စု ခုနစ်အုပ်စုတို့မှ ဝေဒနာရှင် ၅၅၈ဦးတို့အား အထူးကု ဆရာဝန်ကြီးများနှင့် ကျန်းမာရေး ဝန်ထမ်းများက အခမဲ့ ဆေးဝါးကုသ ပေးကြကြောင်း သိရသည်။

(၃၁၆)

သံတွဲမြို့ ဒွါရာဝတီမြို့မဈေး မီးငြိမ်းသတ်မှု ဇာတ်တိုက် လေ့ကျင့်မှုကို အမှူဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် မြို့နယ် မီးသတ် ဦးစီးမှူး ဦးကြည်သိန်းတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တပေါင်းလဆန်း၇ရက်
၁၃–၃–၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ခိုင်ခံ့ပေါ့ပါး စီးသူတွေအကြိုက်များတဲ့ မန္တလေးဖိနပ်)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ထူးချွန်ထင်ရှား လေလှိုင်းအသံရှင်များ (မြန်မာ့အသံသိန်းဟန်)
(၂) ညီမလေးပြောတာယုံပါတယ်နှင့် အခြားဝတ္ထုတိုများ (ကောင်းသန့်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အလုပ်ခွင်စနစ်တစ်ချက် လူမှုရေးသိပ္ပံအကြောင်း) (မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ (ကျောက်ကျောပဒေသာ)

ညနေပိုင်း

၁၇း၀၀ တပ်မတော်စာတိုက်
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ဘယ်ယောကျ်ားမှ စကားမပြောနဲ့ (ဟသ်ာတထွန်းရင်)
(၂) ဘယ်ယောကျ်ားမှ စကားမပြောဘူး (ခင်ခင်)
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (လွမ်းလွင့်လိပ်ပြာ)
၁၉း၄၀ ခေတ်မရွေးသောတေး
(၁) ချစ်ပြုံးနှင်းဆီ (မန္တလေးသိန်းဇော်)
(၂) ပန်းလိုမွှေးပါ့မယ် (ပိုးအိစံ)
(၃) အချစ်ရေ (အောင်မျိုးခင်)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) စိန်မြရုံခြယ် အောင်ပင်လယ် (ကိုအံ့ကြီး)
(၂) မေမေ့ပုံပြင် (ဌေးဌေးမြင့်)
(၃) သစ္စာ (ဝင်းဦး)

ပြည်သူ့သဘောထား

■ တည်ငြိမ်မှုကို လိုလားသည်

■ အေးချမ်းမှုကို လိုလားသည်

■ ဆူပူအကြမ်းဖက်မှုကို မလိုလား

နေပြည်တော်၌ Bowling အားကစားသင်တန်းဖွင့် သင်တန်းသားသင်တန်းသူ ၈၆ ဦး တက်ရောက်

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်တို့ မြန်မာနိုင်ငံဘိုလင်းအဖွဲ့ချုပ်မှ နည်းပြနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားများ Bowling သရုပ်ပြကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။
(သတင်းစဉ်)

နေပြည်တော် မတ် ၁၂

နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် Bowling အားကစားသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် Sport Complex ရှိ ဘိုလင်းအားကစားခန်းမ၌ ကျင်းပသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

နွေစပါးစိုက်ခင်းတစ်ကေကို မျိုးစပါးနို့ဆီဘူး သုံးလုံးဖြင့် စိုက်ပျိုးအောင်မြင်၊ သမားရိုးကျ စိုက်စနစ်ထက် သာလွန်ကောင်းမွန်သဖြင့် စပါးအထွက်ကောင်း၊ ရိက္ခာဖူလုံပြီး နိုင်ငံခြားပို့ကုန် တိုးမြှင့်ဆောင်ရွက်ရန်အတွက် အထောက်အကူပြု။

ဝင်းမြင့် (အင်းစိန်)၏ သတင်းဆောင်းပါး (စာ-၁၁)

ပထမဆုံးဖွင့်တဲ့ သတင်းအတတ်ပညာသင်တန်းတက်ခွင့်ရ၍ ဂုဏ်ယူ နိုင်ငံအတွက် သတင်းစာဆရာကောင်းအဖြစ် အကျိုးပြုဖို့ ရည်ရွယ်

တွေ့ဆုံမေးမြန်းသူ - နုနုသိန်း (စီးပွားရေးတက္ကသိုလ်)နှင့် ခင်နှင်းရည်(ရန်ကုန်တက္ကသိုလ်)
ဓာတ်ပုံမှတ်တမ်း - မျက်ခြယ်ထွန်း (သတင်းအတတ်ပညာ)

ရန်ကုန် မတ် ၁၂

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၏ ၂၀၀၈ ခုနှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို မတ် ၁၁ရက် နံနက် ၁၀နာရီက အဆိုပါကောလိပ်ရှိ ရာစုသစ်အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနခန်းမ၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာမြင့်ဆွေက ပထမနှစ် B.B.M, B.A(EPP), B.A(Journalism) ကျောင်းသားကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဆုံးမသြဝါဒစကားပြောကြားခဲ့ပါသည်။ မောင်မယ်သစ်လွင်များအနက် ၂၀၀၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော ပထမနှစ် သတင်းအတတ်ပညာကျောင်းသူအချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပုံကို ဖော်ပြလိုက်ပါသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား (ကုန်းချောသွေးထိုးသူ) များ မယုံလေနဲ့ သတိထား